မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၅၂ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် ( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၂၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

**မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန**
**(Myanmar Peace Center) တွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့စွဲပါ အမိန့်အမှတ် (၃၈/၂၀၁၂)ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)"** တွင် အဖွဲ့ဝင် ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ဗိုလ်ချုပ်တင်အောင်ချစ်၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၂၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များ

အရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်အား သမ္မတရုံးဝန်ကြီးဌာန (၅) ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**
**နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန် ကြေညာ အပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၉ ။ )

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား (၁)
(ကျပ်သန်းပေါင်း)

**ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့.**

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၄. ၄၀၁ | | | ၇. ၁၅၅ | | | | | ၉၁. ၅၅၆ |
| ၂ | ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကက တာဝန်ပေးသူ | ၄၃၂. ၁၈၀ | | | | | | | | ၄၃၂. ၁၈၀ |
| ၃ | ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၃၀. ၀၀၀ | | | | | ၁၃၀. ၀၀၀ |
| ၄ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၁၄. ၈၀၀ | | | ၇၇. ၃၇၅ | | | | | ၂၉၂. ၁၇၅ |
| ၅ | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၅၉. ၇၃၄ | | | | | ၅၉. ၇၃၄ |
| ၆ | ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၂၁၃. ၁၃၅ | | | ၅၃. ၈၂၈ | | | | | ၂၆၆. ၉၆၃ |
| ၇ | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၂. ၂၃၈ | | | ၃၉၈. ၀၀၀ | | | | | ၄၉၀. ၂၃၈ |
| ၈ | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၀၂. ၄၁၅ | | | ၇၆. ၃၂၃ | | | | | ၃၇၈. ၇၃၈ |
| | | ပေါင်း | | ၁,၃၃၉. ၁၆၉ | | | ၈၀၂. ၄၁၅ | | | | | ၂,၁၄၁. ၅၈၄ |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၂,၁၁၀.၄၁၈ | | | ၃၇,၁၄၅.၁၈၂ | | | | | ၃၉,၂၅၅.၆၀၀ |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ၇၁,၀၁၉.၂၀၄ | ၃.၄၆၄ | | ၁၇၇,၀၀၈.၇၈၁ | | ၃.၂၇၄ | | | ၂၄၈,၀၃၄.၇၂၃ |
| ၃ | ၃ | နယ်စပ်ရေးရာ | ၎င်း | ၁,၃၇၇.၇၃၈ | | ၂၅.၀၀၀ | ၇,၃၃၂.၁၇၁ | | | | | ၈,၇၃၄.၉၀၉ |
| ၄ | ၄ | နိုင်ငံခြားရေး | ၎င်း | ၁,၇၅၂.၁၇၆ | | | ၂၂.၅၇၈ | | | | | ၁,၇၇၄.၇၅၄ |
| ၅ | ၅ | ပြန်ကြားရေး | ၎င်း | ၈.၂၃၉ | | | | | | | | ၈.၂၃၉ |
| ၆ | ၇ | သာသနာရေး | ၎င်း | ၁၈၁.၆၁၈ | | ၁၀၈.၅၂၄ | ၁၉၁.၁၇၆ | | | | | ၄၈၁.၃၁၈ |
| ၇ | ၈ | သမဝါယမ | ၎င်း | ၇၂.၅၁၄ | ၁၃.၇၁၄ | | ၄၇၉.၁၂၁ | ၉၈,၀၀၀.၀၀၀ | | | | ၉၈,၅၆၅.၃၄၉ |
| ၈ | ၉ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၂,၅၄၈.၀၄၅ | ၃၂၇.၆၉၀ | ၄၀.၆၆၆ | ၄၉,၂၆၇.၉၀၄ | | | | | ၅၂,၁၈၄.၃၀၅ |
| ၉ | ၁၀ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၁,၆၃၅.၆၁၉ | | ၁၁,၅၆၀.၉၉၂ | ၃၅,၆၈၆.၁၂၈ | | | | | ၄၈,၈၈၂.၇၇၉ |
| ၁၀ | ၁၂ | ပို့ဆောင်ရေး | ၎င်း | ၆၁၉.၂၄၉ | ၄,၇၆၇.၈၈၆ | | ၄,၀၅၁.၉၆၁ | | | | | ၉,၄၃၉.၀၉၆ |
| ၁၁ | ၁၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၈၃၂.၆၁၆ | | ၄.၇၂၉ | ၃,၈၅၀.၁၄၇ | | | | | ၄,၆၈၇.၄၉၂ |
| ၁၂ | ၁၄ | လျှပ်စစ်စွမ်းအား | ၎င်း | | | | ၁၉,၆၀၀.၀၀၀ | | | | | ၁၉,၆၀၀.၀၀၀ |
| ၁၃ | ၁၅ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၁,၃၁၀.၈၅၂ | | | ၃၁၆.၂၀၅ | | | | | ၁,၆၂၇.၀၅၇ |
| ၁၄ | ၁၆ | စွမ်းအင် | ၎င်း | ၁၃.၀၅၆ | | | ၁၁.၀၀၀ | | | | | ၂၄.၀၅၆ |
| ၁၅ | ၁၇ | စက်မှု | ၎င်း | | | | ၉၀.၁၄၄ | | | | | ၉၀.၁၄၄ |
| ၁၆ | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၂၆၀.၀၂၈ | | ၆.၃၀၀ | ၉၁၂.၂၀၅ | | | ၁၆၆.၈၅၆ | | ၁,၃၄၅.၃၈၉ |
| ၁၇ | ၁၉ | အားကစား | ၎င်း | ၂,၂၉၇.၈၁၄ | | | | | | | | ၂,၂၉၇.၈၁၄ |
| ၁၈ | ၂၀ | ပညာရေး | ၎င်း | ၁၃,၈၄၂.၁၅၃ | | | ၂,၅၇၂.၁၁၁ | | | | | ၁၆,၄၁၄.၂၆၄ |
| ၁၉ | ၂၁ | ကျန်းမာရေး | ၎င်း | ၂၀,၂၂၀.၀၈၂ | | | ၃၆,၂၂၀.၁၃၁ | | | | | ၅၆,၄၄၀.၂၁၃ |
| ၂၀ | ၂၂ | သတ္တုတွင်း | ၎င်း | ၁၉.၄၀၃ | | | ၈၆.၉၀၀ | | | | | ၁၀၆.၃၀၃ |
| ၂၁ | ၂၃ | ယဉ်ကျေးမှု | ၎င်း | ၃၄၇.၃၃၅ | | | ၆၃၅.၀၅၁ | | | | | ၉၈၂.၃၈၆ |
| ၂၂ | ၂၄ | ဘဏ္ဍာရေး | ၎င်း | ၁,၂၇၇.၆၉၇ | ၆,၉၁၂.၆၃၉ | ၀.၇၄၁ | ၉,၇၁၆.၇၀၀ | | | | | ၁၇,၉၀၇.၇၇၇ |
| ၂၃ | ၂၅ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၁၄.၈၅၂ | | ၉.၈၀၀ | ၁,၉၀၆.၆၄၀ | | | | | ၂,၁၃၁.၂၉၂ |
| ၂၄ | ၂၆ | ဆောက်လုပ်ရေး | ၎င်း | | | | ၃၀,၅၇၈.၆၅၁ | | | | | ၃၀,၅၇၈.၆၅၁ |
| ၂၅ | ၂၇ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | ၄၀၉.၂၉၀ | | ၁.၁၇၂ | ၆၇.၆၁၂ | | | | | ၄၇၈.၀၇၄ |
| ၂၆ | ၂၈ | ရထားပို့ဆောင်ရေး | ၎င်း | ၁၅၇.၈၅၉ | | | ၁,၁၇၀.၁၅၄ | | | | | ၁,၃၂၈.၀၁၃ |
| ၂၇ | ၂၉ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၉၀၃.၉၀၂ | | ၄၁၇.၁၀၂ | ၃၈၉.၃၀၀ | | | | | ၁,၇၁၀.၃၀၄ |
| ၂၈ | ၃၀ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၃၇၄.၈၂၈ | | ၂.၄၇၃ | ၇,၉၃၄.၉၇၆ | | | | | ၈,၃၁၂.၂၇၇ |
| ၂၉ | ၃၁ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၃၅.၁၄၇ | | ၁၀၁.၄၂၆ | ၁၁.၀၀၀ | | | | | ၁၄၇.၅၇၃ |
| ၃၀ | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ | ၎င်း | | | ၁၀၂,၆၅၄.၁၇၃ | | | | | | ၁၀၂,၆၅၄.၁၇၃ |
| | | ပေါင်း | | ၁၂၃,၈၄၁.၇၃၄ | ၁၂,၀၂၅.၃၉၃ | ၁၁၄,၉၃၃.၀၉၈ | ၄၂၇,၂၅၃.၉၂၉ | ၉၈,၀၀၀.၀၀၀ | ၃.၂၇၄ | ၁၆၆.၈၅၆ | | ၇၇၆,၂၂၄.၂၈၄ |

ဇယား (၃)
(ကျပ်သန်းပေါင်း)

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | ၂၁၅. ၇၅၀ | | | | | ၂၁၅. ၇၅၀ |
| | | ပေါင်း | | | | | ၂၁၅. ၇၅၀ | | | | | ၂၁၅. ၇၅၀ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သုံးငွေပေါင်း | မိမိဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသုံးရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၁၆၀. ၀၉၆ | | | | | | | | ၁၆၀. ၀၉၆ | ၄,၀၃၅. ၂၃၆ | ၄,၁၉၅. ၃၃၂ |
| ၂ | ၂ | သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | | | | | | | ၁. ၉၅၈ | ၁. ၉၅၈ |
| ၃ | ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၁၁,၅၁၉. ၈၉၀ | | | ၄၀. ၀၀၀ | | | | | ၁၁၁,၅၅၉. ၈၉၀ | ၁၉,၅၃၆. ၀၃၇ | ၁၃၁,၀၉၅. ၉၂၇ |
| ၄ | ၆ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၃,၄၉၃. ၉၀၄ | | | ၉၄,၃၂၄. ၆၃၁ | | ၃၈၇. ၉၃၁ | | | ၁၀၈,၂၀၆. ၄၆၆ | ၂၄၂,၉၇၂. ၄၂၈ | ၃၅၁,၁၇၈. ၈၉၄ |
| ၅ | ၇ | စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၁,၄၈၄. ၇၂၇ | | | ၁,၃၁၄. ၉၂၄ | | | ၄၁,၃၁၄. ၉၃၄ | | ၆၄,၁၁၄. ၅၈၅ | ၈၅,၄၂၂. ၇၄၈ | ၁၄၉,၅၃၇. ၃၃၃ |
| ၆ | ၈ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၇,၉၅၁. ၆၁၄ | | | ၄၉,၃၈၄. ၀၆၄ | | ၃၀. ၈၅၈ | | | ၅၇,၃၆၆. ၅၃၆ | ၁၂,၈၇၁. ၃၁၅ | ၇၀,၂၃၇. ၈၅၁ |
| ၇ | ၉ | သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁,၀၆၆. ၃၆၁ | | | ၁၀၃. ၈၁၇ | | | | | ၁,၁၇၀. ၁၇၈ | ၃၂,၀၆၄. ၆၅၅ | ၃၃,၂၃၄. ၈၃၃ |
| ၈ | ၁၀ | ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၁,၂၆၈. ၀၁၄ | | | ၁၄၃. ၀၀၀ | | | | | ၁၀၁,၄၁၁. ၀၁၄ | | ၁၀၁,၄၁၁. ၀၁၄ |
| ၉ | ၁၁ | ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | ၃,၆၆၂. ၁၀၁ | | | | | ၃,၆၆၂. ၁၀၁ | | ၃,၆၆၂. ၁၀၁ |
| ၁၀ | ၁၂ | ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၇,၄၄၅. ၀၇၂ | | | ၈,၄၆၁. ၆၈၉ | | | | | ၁၅,၉၀၆. ၇၆၁ | | ၁၅,၉၀၆. ၇၆၁ |
| ၁၁ | ၁၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၎င်း | | | | ၁၀,၈၁၅. ၃၇၁ | | | | | ၁၀,၈၁၅. ၃၇၁ | | ၁၀,၈၁၅. ၃၇၁ |
| ၁၂ | | ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃,၄၉၅. ၈၆၆ | | | | | | | | ၃,၄၉၅. ၈၆၆ | | ၃,၄၉၅. ၈၆၆ |
| ၁၃ | | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | | | | | | | ၉၁၃. ၃၄၁ | ၉၁၃. ၃၄၁ |
| | | ပေါင်း | | ၂၆၇,၈၈၅. ၅၄၄ | | | ၁၆၈,၂၄၉. ၅၉၇ | | ၄၁၈. ၇၈၉ | ၄၁,၃၁၄. ၉၃၄ | | ၄၇၇,၈၆၈. ၈၆၄ | ၃၉၇,၈၁၇. ၇၁၈ | ၈၇၅,၆၈၆. ၅၈၂ |

ဇယား (၅)
(ကျပ်သန်းပေါင်း)

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၈,၅၄၆.၄၂၈ | | | | | | | | ၃၈,၅၄၆.၄၂၈ |
| | | ပေါင်း | | ၃၈,၅၄၆.၄၂၈ | | | | | | | | ၃၈,၅၄၆.၄၂၈ |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၈. ၆၀၂ | | | | | | | | ၃၈. ၆၀၂ |
| | | ပေါင်း | | ၃၈. ၆၀၂ | | | | | | | | ၃၈. ၆၀၂ |

## နေပြည်တော်ကောင်စီ

ဇယား (၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၅၀. ၀၀၀ | | ၈၀၀. ၀၀၀ | ၇,၁၅၁. ၀၃၅ | | | | | ၈,၂၀၁. ၀၃၅ |
| | | ပေါင်း | | ၂၅၀. ၀၀၀ | | ၈၀၀. ၀၀၀ | ၇,၁၅၁. ၀၃၅ | | | | | ၈,၂၀၁. ၀၃၅ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၆၅၀. ၀၀၀ | | ၁,၁၄၀. ၀၀၀ | | | | | | ၂,၇၉၀. ၀၀၀ |
| | | ပေါင်း | | **၁,၆၅၀. ၀၀၀** | | **၁,၁၄၀. ၀၀၀** | | | | | | **၂,၇၉၀. ၀၀၀** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၀ ။ )**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [The Requisitioning (Emergency Provisions) Act, 1947] ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၄၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်း**

ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းခဲ့သည့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၄၆/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

**ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးဝင်းမြင့်၊ စစ်သံမျှူး (ငြိမ်း) အား အဖွဲ့ဝင် အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၂၇ ရက် )

### လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးသက်ထူး အား တာဝန်ထမ်းဆောင်ရန် ဆန္ဒမရှိတော့ပါသဖြင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ လျှောက်ထားချက်နှင့် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်နေ့ ညနေပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

### ဦးစီးအရာရှိရာထူးတိုးမြှင့်ခန့်ထားခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါစာအမှတ်၊ ၁၄၂၅/၂၄၃-ရာထူးတိုးမြှင့်/အဖရ (၂၀၁၄) ဖြင့် ခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံးမှ ဒုတိယဦးစီးမှူး ဦးကျော်စိုးဦးအား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တစ်နှစ်အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

**လက်ထောက်ညွှန်ကြားရေးမှူးရာထူးခန့်ထားခြင်း**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သော အောက်ဖော်ပြပါ တပ်မတော်အရာရှိများအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၄) မှ သဘောတူခွင့်ပြုထားသည့် ဖွဲ့စည်းပုံအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများ၌ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၂၃၀၉၃ | ဗိုလ်မှူး | အောင်မင်းဦး |
| (၂) | ကြည်း ၂၄၃၁၅ | ဗိုလ်မှူး | ကျော်အောင် |
| (၃) | ကြည်း ၂၅၂၂၉ | ဗိုလ်မှူး | ကျော်မိုး |
| (၄) | ကြည်း ၂၅၅၅၄ | ဗိုလ်မှူး | တင်မောင်လတ် |
| (၅) | ကြည်း ၂၆၂၁၃ | ဗိုလ်မှူး | တင့်နိုင်မောင် |
| (၆) | ကြည်း ၂၆၂၆၇ | ဗိုလ်မှူး | ကျော်ထူး |
| (၇) | ကြည်း ၂၇၄၂၃ | ဗိုလ်မှူး | အောင်စိုးဝင်း |
| (၈) | ကြည်း ၂၇၄၉၉ | ဗိုလ်မှူး | မောင်မောင်တင် |
| (၉) | ကြည်း ၂၇၅၅၉ | ဗိုလ်မှူး | နေမျိုးဝင်း |
| (၁၀) | ကြည်း ၂၇၈၆၄ | ဗိုလ်မှူး | သောင်းတင်ငြိမ်း |
| (၁၁) | ကြည်း ၂၈၀၁၀ | ဗိုလ်မှူး | ခွန်အောင်မျိုးဆွေ |
| (၁၂) | ကြည်း ၂၈၀၄၂ | ဗိုလ်မှူး | သန်းဇော်ဦး |
| (၁၃) | ကြည်း ၂၈၅၅၈ | ဗိုလ်မှူး | ကျော်သိန်းဦး |
| (၁၄) | ကြည်း ၂၈၇၂၁ | ဗိုလ်မှူး | တင်ခိုင်ဇော် |
| (၁၅) | ကြည်း ၂၉၁၂၃ | ဗိုလ်မှူး | သိန်းဦး |
| (၁၆) | ကြည်း ၂၉၄၅၃ | ဗိုလ်မှူး | နိုင်ဝင်းစိုး |
| (၁၇) | ကြည်း ၂၉၇၅၆ | ဗိုလ်မှူး | ရဲခေါင် |
| (၁၈) | ကြည်း ၃၀၁၃၁ | ဗိုလ်မှူး | ငွေးအောင်ခိုင် |
| (၁၉) | ကြည်း ၃၀၁၉၉ | ဗိုလ်မှူး | ဇော်လင်းဦး |
| (၂၀) | ကြည်း ၃၀၂၁၅ | ဗိုလ်မှူး | ဝေဠုအောင် |
| (၂၁) | ကြည်း ၃၀၂၄၈ | ဗိုလ်မှူး | မျိုးမင်းစိုး |

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၂၂) | ကြည်း ၃၀၂၇၆ | ဗိုလ်မှူး | ကျော်စွာဦး |
| (၂၃) | ကြည်း ၃၀၃၅၄ | ဗိုလ်မှူး | ကျော်လင်း |
| (၂၄) | ကြည်း ၃၀၃၈၅ | ဗိုလ်မှူး | ဇေတိုးအောင် |
| (၂၅) | ကြည်း ၃၀၃၈၈ | ဗိုလ်မှူး | ညီညီမင်း |
| (၂၆) | ကြည်း ၃၀၄၁၆ | ဗိုလ်မှူး | မျိုးမင်း |
| (၂၇) | ကြည်း ၃၀၄၂၁ | ဗိုလ်မှူး | မျိုးမင်းဦး |
| (၂၈) | ကြည်း ၃၀၄၇၁ | ဗိုလ်မှူး | ဇော်မိုးမြင့် |
| (၂၉) | ကြည်း ၃၀၅၀၈ | ဗိုလ်မှူး | မျိုးသန့် |
| (၃၀) | ကြည်း ၃၀၉၃၀ | ဗိုလ်မှူး | မျိုးမင်းထိုက် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၄**
နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

**ဦးစီးအရာရှိရာထူးခန့်ထားခြင်း**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သော အောက်ဖော်ပြပါ တပ်မတော်အရာရှိများအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၄) မှ သဘောတူခွင့်ပြုထားသည့် ဖွဲ့စည်းပုံအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများ၌ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၂၉၄၄၅ | ဗိုလ်ကြီး | တင်မောင်အေး |
| (၂) | ကြည်း ၂၉၇၂၃ | ဗိုလ်ကြီး | ခင်မောင်ဦး |
| (၃) | ကြည်း ၄၂၆၄၃ | ဗိုလ်ကြီး | အောင်သူ |
| (၄) | ကြည်း ၅၁၀၆၆ | ဗိုလ်ကြီး | နန္ဒအောင် |
| (၅) | ကြည်း ၅၂၇၈၆ | ဗိုလ်ကြီး | လွင်မျိုးအောင် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၁/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုး တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးမြင့်စိုး အစား ဒေါ်မိုးမိုးခိုင်အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

**ဒုတိယညွှန်ကြားရေးမှူးရာထူးတိုးမြှင့်ခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဌာနစုအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) (၅) ဦးတို့အား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါဌာနခွဲများတွင် လစ်လပ်နေသည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ်အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်သည့်ရာထူး | တိုးမြှင့်ခန့်ထားသည့်ဌာနခွဲ |
|---|---|---|---|
| (၁) | ဦးကောင်းမြတ်ဟိန်းသူ | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌရုံး၊ ဌာနခွဲ (၁) |
| (၂) | ဒေါ်ခင်စန်းရင် | ။ | စီမံဌာနခွဲ |
| (၃) | ဦးအောင်မျိုးသန့် | ။ | အမျိုးသားလွှတ်တော်ဌာနခွဲ |
| (၄) | ဦးနန္ဒနေလင်း | ။ | ဥက္ကဋ္ဌရုံး၊ ဌာနခွဲ (၂) |
| (၅) | ဦးမြတ်ထွန်းဦး | ။ | ရွေးကောက်ပွဲခုံရုံး၊ ဌာနခွဲ (၁) |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

**ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/၂၀၁၄ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| (၁) | ဦးကျော်သိန်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ဗန်းမော်ခရိုင် |
| (၂) | ဦးမျိုးမင်းဦး | ॥ | မိုးညှင်းခရိုင် |
| **ကယားပြည်နယ်** | | | |
| (၃) | ဦးကျော်လင်း | လက်ထောက်ညွှန်ကြားရေးမှူး | ဘော်လခဲခရိုင် |
| (၄) | ဦးညီညီမင်း | ॥ | လွိုင်ကော်ခရိုင် |
| **ကရင်ပြည်နယ်** | | | |
| (၅) | ဦးဝေဠုအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ကော့ကရိတ်ခရိုင် |
| **ချင်းပြည်နယ်** | | | |
| (၆) | ဦးမျိုးမင်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး | ဖလမ်းခရိုင် |
| (၇) | ဦးမျိုးမင်း | ॥ | ဟားခါးခရိုင် |
| (၈) | ဦးသောင်းတင်ငြိမ်း | ॥ | မင်းတပ်ခရိုင် |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၉) | ဦးအောင်မင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | ကသာခရိုင် |
| (၁၀) | ဦးဇော်မိုးမြင့် | ॥ | တမူးခရိုင် |
| (၁၁) | ဦးကျော်အောင် | ॥ | မော်လိုက်ခရိုင် |
| **မကွေးတိုင်းဒေသကြီး** | | | |
| (၁၂) | ဦးမျိုးသန့် | လက်ထောက်ညွှန်ကြားရေးမှူး | မကွေးတိုင်းဒေသကြီး |
| (၁၃) | ဦးဇေတိုးအောင် | ॥ | ဂန့်ဂေါခရိုင် |
| (၁၄) | ဦးတင်ခိုင်ဇော် | ॥ | မင်းဘူးခရိုင် |
| **မန္တလေးတိုင်းဒေသကြီး** | | | |
| (၁၅) | ဦးနေမျိုးဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | ညောင်ဦးခရိုင် |

| စဉ် အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|
| **ရခိုင်ပြည်နယ်** | | |
| (၁၆) ဦးငွေအောင်ခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ကျောက်ဖြူခရိုင် |
| (၁၇) ဦးဇော်လင်းဦး | ॥ | စစ်တွေခရိုင် |
| (၁၈) ဦးသိန်းဦး | ॥ | သံတွဲခရိုင် |
| **ရှမ်းပြည်နယ်** | | |
| (၁၉) ဦးမောင်မောင်တင် | လက်ထောက်ညွှန်ကြားရေးမှူး | မိုးမိတ်ခရိုင် |
| (၂၀) ဦးကျော်ထူး | ॥ | ကျိုင်းတုံခရိုင် |
| (၂၁) ဦးနိုင်ဝင်းစိုး | ॥ | ဟိုပန်ခရိုင် |
| (၂၂) ဦးကျော်မိုး | ॥ | လင်းခေးခရိုင် |
| (၂၃) ဦးခွန်အောင်မျိုးဆွေ | ॥ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၂၄) ဦးသန်းဇော်ဦး | ॥ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၂၅) ဦးမျိုးမင်းထိုက် | ॥ | 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း |
| (၂၆) ဦးကျော်စွာဦး | ॥ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| **နေပြည်တော်** | | |
| (၂၇) ဦးအောင်စိုးဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | နေပြည်တော် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

### ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၁၄ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် အမည် | ရာထူး | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|
| **မန္တလေးတိုင်းဒေသကြီး** | | |
| (၁) ဦးလွင်မျိုးအောင် | ဦးစီးအရာရှိ | မိုးကုတ်မြို့နယ် |
| **ရန်ကုန်တိုင်းဒေသကြီး** | | |
| (၂) ဦးတင်မောင်အေး | ဦးစီးအရာရှိ | မင်္ဂလာဒုံမြို့နယ် |
| (၃) ဦးနန္ဒအောင် | ॥ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် |

| **စဉ်** | **အမည်** | **ရာထူး** | **ကော်မရှင်အဖွဲ့ခွဲရုံး** |
|---|---|---|---|
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၄) | ဦးအောင်သူ | ဦးစီးအရာရှိ | ဖျာပုံမြို့နယ် |
| **နေပြည်တော်** | | | |
| (၅) | ဦးခင်မောင်ဦး | ဦးစီးအရာရှိ | တပ်ကုန်းမြို့နယ် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၇၃/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

### ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/၂၀၁၄ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သည့် အောက်ဖော်ပြပါ အရာထမ်းများအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပြောင်းရွှေ့ခန့်အပ်တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** |
|---|---|---|
| (၁) | ဦးတင်မောင်လတ် | လက်ထောက်ညွှန်ကြားရေးမှူး |
| (၂) | ဦးတင့်နိုင်မောင် | ״ |
| (၃) | ဦးရဲခေါင် | ״ |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

အမှတ် ၆၉ ။ ။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၃၄/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေး

ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ယှဉ်တွဲပါနေ့ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်** | **မူလရာထူး/ လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း** | **စတင်တာဝန် ထမ်းဆောင်သည့်နေ့** |
|---|---|---|---|
| ဦးကျော်သူရ (ကပ-၆၆၃၅) | ဌာနခွဲမှူး (ထုတ်လုပ်) (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | မန်နေဂျာ (စာရင်း) (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ငွေစာရင်းဌာန၊ ရန်ကုန်ရုံး | ၁၁-၁၁-၂၀၁၄ နံနက်ပိုင်း |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၄

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ဆက်သွယ်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်**ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်၊ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများကို ဆိုသည်။

(ခ) **လျှောက်ထားခြင်း**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်၊ ဆက်သွယ်ရေးပစ္စည်း ဆိုင်ရာ လိုင်စင်တို့ကို ရယူရန်နှင့် သက်တမ်းတိုးမြှင့်ရန်အတွက် လျှောက်လွှာပုံစံနှင့် လိုင်စင် လျှောက်ထားသည့် လုပ်ငန်းစဉ်တို့ကို ဆိုသည်။

(ဂ) **လွှမ်းမိုးပိုင်ခွင့်** (Controlling Interest) ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်း တစ်ခုတွင် မဲပေးပိုင်ခွင့် (Voting Stock)၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် (Membership Interest) သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့် (General Partnership Interest) ၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသောပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ်

တစ်ဦးဦးအား အောက်ပါအခြေအနေတစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့် ရစေသည့် ပိုင်ဆိုင်မှုအခြေအနေကို ဆိုသည် -

(၁) အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီ၏ ၅၀ ရာခိုင်နှုန်းအထက်ကို ခန့်ထားနိုင်ခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသောအဆင့်မြင့်အမှုဆောင်အရာရှိ (Senior Executive) များအား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့်ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊

(၃) အခြား အဖွဲ့အစည်းတစ်ခု၏ အရေးကြီးသောရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကိုချမှတ်ခြင်း၊

(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုဆုံးဖြတ်ချက်များကိုချမှတ်ရာတွင် အဓိကကျသော နေရာမှပါဝင်ခြင်း၊

(၅) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊

(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာလွှမ်းမိုးမှု ပြုနိုင်ခြင်း။

(ဃ) **ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူ (Dominant Licensee)** ဆိုသည်မှာ လုပ်ငန်းတစ်ခုသည် အခြားလုပ်ငန်းများနှင့် ပူးပေါင်း၍ဖြစ်စေ၊ မပူးပေါင်းဘဲဖြစ်စေ၊ ယှဉ်ပြိုင်သူများနှင့် သုံးစွဲသူများ အပေါ် သိသာသော အတိုင်းအတာတစ်ခုအထိ လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်သည့် စီးပွားရေး အင်အားကိုရရှိထားသည့် အခြေအနေတစ်ရပ်ကို ဆိုသည်။

(င) **အမှန်တကယ်သုံးစွဲသူ (End User)** ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးကဖြည့်ဆည်းပေးသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ရယူသုံးစွဲသည့် လိုင်စင်ရရှိသောအခြားသူတစ်ဦး မဟုတ်သည့် လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးကို ဆိုသည်။

(စ) **ပြည်ပမှပုဂ္ဂိုလ်**ဆိုသည်မှာ -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားမဟုတ်သူ၊

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားမဟုတ်သူတစ်ဦးဦးက လွှမ်းမိုးပိုင်ခွင့်ကို ရရှိထားသည့် တရားဝင်အဖွဲ့အစည်း သို့မဟုတ် မြန်မာနိုင်ငံတွင်စတင်တည်ထောင်ခြင်း သို့မဟုတ် ဖွဲ့စည်းထားခြင်းမဟုတ်သည့် အဖွဲ့အစည်း၊

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းမဟုတ်သည့် အစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခြေစိုက်ထားရှိသည့် အခြားနိုင်ငံ၏ အစိုးရအဖွဲ့။

(ဆ) **အပြည်ပြည်ဆိုင်ရာပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်နှင့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပြည်ပချိတ်ဆက်မှုနေရာများအကြား အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုနှင့် ချိတ်ဆက်မှုတို့ကို ရရှိစေနိုင်သည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းဖြည့်ဆည်းပေးရန်အတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းတစ်ခုအား တည်ဆောက် ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇ) **လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြေခံဖွဲ့စည်း တည်ဆောက်မှုနှင့်မူများကို ဆိုသည်။

(ဈ) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual)** ဆိုသည်မှာ မြေပြင်အခြေစိုက်လိုင်းထုတ်လွှင့်မှု၊ မြေပြင်အခြေစိုက် ရေဒီယိုထုတ်လွှင့်မှု၊ အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း၊ မိုဘိုင်းအခြေစိုက်စခန်း၊ ရေအောက်ကေဘယ်လ်၊ ဂြိုဟ်တုမြေပြင်စခန်းနှင့် ဂြိုဟ်တုအထောက်အကူပြု အခြားပစ္စည်းများတို့ကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ၎င်းတို့ကိုအသုံးပြု၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဖြည့်ဆည်းပေးရန်အတွက် ခွင့်ပြုပေးသော လုပ်ငန်းလိုင်စင်အမျိုးအစားကို ဆိုသည်။

(ည) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (class)** ဆိုသည်မှာ တာဝါများ၊ ဆက်သွယ်ရေးအချက်ပြမှုများနှင့် ထုတ်လွှင့်ဖမ်းယူမှုများအတွက် အသုံးပြုသည့်တိုင်များ (masts)၊ ပိုက်လုံးများ၊ ကျင်းများ၊ တိုင်များ (Poles)၊ ဒါ့ခ်ဖိုင်ဘာကြိုးများ (dark fibre) ကဲ့သို့သော ကွန်ရက်အထောက်အကူပြုပစ္စည်းများကို လိုင်စင်ရရှိသော အခြားသူတို့အား ငှားရမ်းထောက်ပံ့နိုင်ရေးအတွက် ခွင့်ပြုပေးသော လုပ်ငန်းလိုင်စင်အမျိုးအစားကို ဆိုသည်။

(ဋ) **ပုဂ္ဂိုလ်**ဆိုသည်မှာ လူပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** (Private Telecommunications Service) ဆိုသည်မှာ အမှန်တကယ်သုံးစွဲသူ သို့မဟုတ် လိုင်စင်ရရှိသောအခြားသူတစ်ဦးအား အများပြည်သူသုံးကွန်ရက်နှင့် အပြန်အလှန်ချိတ်ဆက်မှုမရှိဘဲ တစ်နေရာမှတစ်နေရာသို့ တိုက်ရိုက်ချိတ်ဆက်ပေးသည့် (Point-to-Point Connectivity) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဍ) **အများပြည်သူဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** (Public Telecommunications Service) ဆိုသည်မှာ အများပြည်သူတစ်ရပ်လုံးအသုံးပြုနိုင်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးကွန်ရက်များကို ဆိုသည်။

(ဎ) **သက်ဆိုင်သောဝင်ငွေ** (Relevant Revenue) ဆိုသည်မှာ လိုင်စင်ရရှိသူက အမှန်တကယ်သုံးစွဲသူနှင့် လိုင်စင်ရရှိသော အခြားသူများသို့ ဆက်သွယ်ရေးဝန်ဆောင်မှုများပေးခြင်းဖြင့် ရရှိမည့် ဝင်ငွေမှ ထိုကဲ့သို့ ဝန်ဆောင်မှုပေးရန်အတွက် လုပ်ဆောင်ရသည့်အပြန်အလှန်ဆက်သွယ်မှု၊ ချိတ်ဆက်မှု သို့မဟုတ် လက်ကားနှုန်းဖြင့် ရယူထားသောဝန်ဆောင်မှုများအတွက် လိုင်စင်ရရှိသော အခြားသူများသို့ ပေးချေရမည့်စရိတ်စကများကို နုတ်ပယ်၍ ကျန်ရှိသောဝင်ငွေအပိုင်းကိုဆိုသည်။

## အခန်း (၂)
## ဆက်သွယ်ရေးကွန်ရက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်

### ၃။ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်

ဆက်သွယ်ရေးဥပဒေအခန်း ၃ နှင့်နည်းဥပဒေ ၇၊ ၈ နှင့် ၉ တို့အရ လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်အားရှင်းလင်းလွယ်ကူစေရန်၊ ဝန်ဆောင်မှုအသစ်များဆောင်ရွက်ခြင်းနှင့်တိုးချဲ့ခြင်းကိုအားပေးရန်၊ အမှန်တကယ်သုံးစွဲသူများက ဆက်သွယ်ရေးကွန်ရက်များနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ရယူသုံးစွဲမှုကိုတိုးတက်လာစေရန်တို့အတွက် ဘက်စုံဝန်ဆောင်မှု (multi-service) လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်များကို ပြဋ္ဌာန်းထားပါသည် -

(က) နည်းဥပဒေ ၄ အရ ပုဂ္ဂိုလ်တစ်ဦးသည် ယေဘုယျအားဖြင့် လိုင်စင်အမျိုးအစားတစ်ခုတည်းကိုသာ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် ဆောင်ရွက်လိုသည့် ဆက်သွယ်ရေးဝန်ဆောင်မှု အမျိုးအစားကို ဖော်ပြရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားချက်များကို ခွဲခြားမှုမရှိဘဲ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဦးစီးဌာနမှလုပ်ငန်းလိုင်စင်ကို ခွင့်ပြုပြီးနောက် လိုင်စင်ရရှိသူသည် နည်းဥပဒေ ၁၇ အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအသစ်များ ဖြည့်စွက်ဆောင်ရွက်ပေးလိုသောအခါ -

(၁) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအသစ်များ ဖြည့်စွက်မဆောင်ရွက်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနထံ တင်ပြရမည်။

(၂) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူသည် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့လျှောက်ထားရမည်။

## ၄။ လိုင်စင်ထုတ်ပေးသည့်စနစ်

နည်းဥပဒေ ၃ အရ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်သည် ပုဂ္ဂိုလ်တစ်ဦးလျှင် ယေဘုယျအားဖြင့် လိုင်စင်တစ်ခုတည်းကိုသာ ကိုင်ဆောင်ရသော **လိုင်စင်ထုတ်ပေးသည့်စနစ်** အရ အောက်ပါအတိုင်း တည်ဆောက်ထားသည် -

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ကိုရရှိထားသူသည် အမြင့်ဆုံးလုပ်ငန်းအဆင့်ကိုရရှိထားပြီး ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် -အထူး (Individual)၊ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class)၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအရ ခွင့်ပြုထားသောဝန်ဆောင်မှုလုပ်ငန်းများ အားလုံးကိုလုပ်ကိုင်ခွင့်ရှိသည်။ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူများသည် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်အရထုတ်ပေးနိုင်သော အခြားမည်သည့်လိုင်စင်ကိုမျှ လျှောက်ထားရန်မလိုပါ။

(ခ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ကို ရရှိထားသူသည် ယင်းလိုင်စင်အရ ခွင့်ပြုထားသော ဝန်ဆောင်မှုလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ရှိသည်။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိထားသူသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုခုကို လျှောက်ထားနိုင်ပြီး အများဆုံးလုပ်ငန်းလိုင်စင်နှစ်ခုကို တစ်ပြိုင်တည်းရယူနိုင်သည်။

(ဂ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ရရှိထားသူသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအရ ခွင့်ပြုထားသောဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို လုပ်ကိုင်ခွင့်ရှိသော်လည်း ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) နှင့် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) များအရ ခွင့်ပြုထားသော ဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်ခွင့်မရှိပါ။ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) တစ်ခုကို လျှောက်ထားရယူနိုင်ပြီး နည်းဥပဒေခွဲ (င) အရ သတ်မှတ်ထားသည့်အတိုင်း အများဆုံးလုပ်ငန်းလိုင်စင်နှစ်ခုကို တစ်ပြိုင်တည်းရယူနိုင်သည်။

(ဃ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်အရခွင့်ပြုထားသောလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ရှိသည်။ အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) တစ်ခုကို လျှောက်ထားရယူနိုင်ပြီး နည်းဥပဒေခွဲ (င) အရ သတ်မှတ်ထားသည့်အတိုင်း အများဆုံးလုပ်ငန်းလိုင်စင်နှစ်ခုကို တစ်ပြိုင်တည်းရယူနိုင်သည်။

(င) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class)၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်၊ အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုခုရရှိထားသူ သို့မဟုတ် ယင်းလိုင်စင်များအနက် နှစ်ခုကိုရရှိသူက အခြားလိုင်စင်အမျိုးအစားအောက်ရှိ ဆက်သွယ်ရေးဝန်ဆောင်မှု

လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လိုပါက နည်းဥပဒေ ၁၇ အရ အောက်ပါအတိုင်း ဦးစီးဌာနသို့ လျှောက်ထားရမည် -

(၁) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင်-အထူး (Individual) ထပ်မံရရှိပြီးပါက မူလလုပ်ငန်းလိုင်စင်အားဖျက်သိမ်း ရမည်။ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလုပ်ငန်းလိုင်စင်အပြင် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ကိုပါ ထပ်မံရယူ နိုင်သည်။

(၂) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်အစား ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ကို ရယူပြီးပါက မူလလုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းရမည်။ အသုံးချဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလုပ်ငန်းလိုင်စင်အပြင် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ကိုပါ ထပ်မံရယူနိုင်သည်။

(၃) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိထားသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိပါက မူလ လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းရမည်။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း လိုင်စင်-သာမန် (Class) ရရှိသူသည် ယင်းလုပ်ငန်းလိုင်စင်အပြင် ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကိုပါ ထပ်မံရယူနိုင်သည်။

## ၅။ လိုင်စင်ရယူရမည့်လုပ်ငန်းများ

(က) ဥပဒေအရသော်လည်းကောင်း၊ ဝန်ကြီးဌာနကသော်လည်းကောင်း ကင်းလွတ်ခွင့်ပေးထားခြင်း မရှိခဲ့ပါက ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေးဥပဒေ အခန်း ၃ အရ ပုဂ္ဂိုလ်တစ်ဦးသည် လိုင်စင်လျှောက်ထားရယူရန် လိုအပ်သည်။

(ခ) ဆက်သွယ်ရေးဥပဒေ အခန်း ၄ နှင့် ၆ တို့အရ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင် သို့မဟုတ် လှိုင်းနှုန်းစဉ် အသုံးပြုခွင့်များကို ခွင့်ပြုနိုင်သည်။

(ဂ) လိုင်စင်ရရှိသူတစ်ဦးသည် ဆက်သွယ်ရေးကွန်ရက်တစ်ခုကို တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်းအတွက် လိုအပ်ပါက မိမိ၏လိုင်စင်များအပြင် နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသည့်အတိုင်း သီးခြားခွင့်ပြုချက်ရယူရမည်။

## ၆။ လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း

(က) ဝန်ကြီးဌာနသည် မည်သည့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုမဆို လိုင်စင်ရယူခြင်းမှ ဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုနိုင်သည်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို လိုင်စင်ကင်းလွတ်ခွင့်ပြုမည့် ဆုံးဖြတ်ချက်သည် ပွင့်လင်းမြင်သာ၍ မျှတရမည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်အား အများပြည်သူ သဘောထားတောင်းခံခြင်း ပြုလုပ်ပြီးမှသာ ဆောင်ရွက်ရမည်။

(ခ) ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၂ အရ ဝန်ကြီးဌာနသည် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် လိုင်စင်ရယူခြင်းမှကွင်းလွတ်ခွင့်ပြုနိုင်သည်။ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းတစ်ခုကိုလိုင်စင်ကင်းလွတ်ခွင့်ပြုမည့် ဆုံးဖြတ်ချက်သည် ပွင့်လင်းမြင်သာ၍ မျှတရမည်ဖြစ်ပြီး အများပြည်သူ သဘောထားတောင်းခံခြင်းပြုလုပ်ပြီးမှသာ ဆောင်ရွက်ရမည်။

**၇။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) နှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ**

ဆက်သွယ်ရေးဥပဒေ အခန်း ၃ အရ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (lndividual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တို့အတွက် လိုင်စင်လျှောက်ထားမှုအား ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များလျှောက်ထားမှုတို့ထက် ပိုမိုစိစစ်ရန်လိုအပ်သည်။

(က) **လျှောက်လွှာပုံစံများ**

(၁) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) နှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တို့ကို ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) လိုင်စင်လျှောက်ထားသူသည် မိမိဆောင်ရွက်ရန် ရည်ရွယ်သည့် လုပ်ငန်းများအတွက် သင့်လျော်သည့် လိုင်စင်အမျိုးအစားကို ဆုံးဖြတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာလိုင်စင်အမျိုးအစားနှင့် ပတ်သက်သည့် အချက်အလက်အားလုံးကို ပြည့်စုံစွာဖော်ပြ၍ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(၃) ဦးစီးဌာနသည် လျှောက်လွှာပုံစံများအား သတ်မှတ်ထားရမည်ဖြစ်ပြီး ဝက်ဘ်ဆိုက်တွင် အများပြည်သူရရှိနိုင်အောင် ဆောင်ရွက်ထားရမည်။

(ခ) **ဖြည့်စွက်ရမည့် အချက်အလက်နှင့် ပေးဆောင်ရမည့်အခကြေးငွေ**

(၁) ဦးစီးဌာနသည် လျှောက်လွှာတွင် ဖြည့်စွက်ရမည့် လိုအပ်သောအချက်အလက်များကို ထုတ်ပြန်ထားရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ခွင့်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မှန်ကန်စွာချမှတ်နိုင်ရန်အလို့ငှာ ယင်းအချက်အလက်များသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်။

(၂) လိုင်စင်အမျိုးအစားတူညီပါက သတ်မှတ်ထားသောလျှောက်လွှာပုံစံတွင် ဖြည့်စွက်ရမည့် အချက်အလက်များသည် လိုင်စင်လျှောက်ထားသူများအားလုံးအတွက် တစ်ပြေးညီ ဖြစ်ရမည်။

(၃) ဤနည်းဥပဒေများအရ ကင်းလွတ်ခွင့်ပြုထားသည်မှအပ လိုင်စင်လျှောက်ထားသူသည် လျှောက်ထားသည့်အချိန်တွင် စီမံခန့်ခွဲမှုစရိတ်ကာမိစေရန်အတွက် ဝန်ကြီးဌာနကသတ်မှတ်ထားသော လျှောက်လွှာကြေးကို ပေးဆောင်ရမည်။

(ဂ) လျှောက်လွှာတွင် ဖြည့်စွက်ထားသောအချက်အလက်များသည် ပြည့်စုံမှုမရှိခဲ့လျှင်သော်လည်းကောင်း၊ တိကျမှန်ကန်မှုမရှိခဲ့လျှင်သော်လည်းကောင်း ဦးစီးဌာနသည် လိုအပ်သော အချက်အလက်များကို လျှောက်ထားသူထံသို့ စာဖြင့်ပေးပို့တောင်းခံရမည်။ လျှောက်ထားသူသည် ဦးစီးဌာနက တောင်းခံလာသောအချက်အလက်များကို လျှောက်လွှာပုံစံတွင် မှန်ကန်အောင်ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်လျှောက်ထားရမည်။

(ဃ) လျှောက်ထားချက်အား ပြန်လည်ပြင်ဆင်ရန်လိုအပ်ပါက ဦးစီးဌာနကပြင်ဆင်ရန်လိုအပ်သည်ဟု ဖော်ပြသော အကြောင်းအချက်အားလုံးကို မှန်ကန်အောင်ပြင်ဆင်ဖြည့်စွက်၍ ဦးစီးဌာန၏ အကြောင်းကြားစာရရှိပြီး ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားရမည်။ ပြန်လည်လျှောက်ထားရန်ပျက်ကွက်ခဲ့ပါက နှောင့်နှေးကြန့်ကြာရသည့် အကြောင်းအရင်းအား စာဖြင့်တင်ပြထားခဲ့ခြင်းမရှိလျှင်သော်လည်းကောင်း၊ တင်ပြသည့်အကြောင်းပြချက်အား ခိုင်လုံမှုမရှိဟု ဦးစီးဌာနကဆုံးဖြတ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

(င) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တို့အတွက် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိပြီး ရက်ပေါင်း ၆၀ အတွင်းစိစစ်၍ ဆုံးဖြတ်ချက်အားအကြောင်း ပြန်ကြားရမည်။

(စ) ပြည့်စုံမှန်ကန်သောလျှောက်ထားချက်ကိုစိစစ်ခြင်းသည် ရက်ပေါင်း ၆၀ ထက်ကျော်လွန်မည်ဟု ခန့်မှန်းပါက ဦးစီးဌာနသည် ထိုသို့ကြန့်ကြာရသည့်အကြောင်းအရင်းအား လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားစာတွင် လျှောက်ထားချက်အား စိစစ်မှု ပြီးစီးမည့် ခန့်မှန်းနေ့ရက်နှင့် ဆုံးဖြတ်ချက်အား အကြောင်းပြန်ကြားပေးမည့် ခန့်မှန်းနေ့ရက်ပါဝင် ရမည်။

(ဆ) လျှောက်ထားချက်အား ပြန်လည်စိစစ်သည့်အချိန်ကာလသည် နည်းဥပဒေ ၉ တွင်ဖော်ပြထားသည့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာအထူးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်ခြင်းမရှိလျှင်ကြန့်ကြာရကြောင်း အကြောင်းကြားစာထုတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ထက်မပိုစေရ။ လိုင်စင်ထုတ်ပေးခြင်း ဆိုင်ရာအထူးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့်ကိစ္စများတွင် လျှောက်ထားချက်အား ပြန်လည် စိစစ်သည့်အချိန်ကာလသည် ကြန့်ကြာရကြောင်း အကြောင်းကြားစာထုတ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ ထက်မပိုစေရ။

(ဇ) ဦးစီးဌာနသည် လျှောက်ထားချက်အားခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို လျှောက်ထားသူ ထံသို့ စာဖြင့်အကြောင်းကြားရမည် -

(၁) လျှောက်ထားချက်ကို ခွင့်ပြုပါက ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ထုတ်ပေးရန်အတွက် လျှောက်ထားသူကပေးဆောင်ရမည့် ကနဦးလိုင်စင်ကြေး (initial fees) အပါအဝင် အခြားသော သက်ဆိုင်သည့် အခကြေးငွေများကို လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကိုငြင်းပယ်ပါက ကျိုးကြောင်းခိုင်လုံသော အကြောင်းပြချက်ရှိရမည်ဖြစ်ပြီး ထိုအကြောင်းပြချက်များကို စာဖြင့်အကြောင်းကြားရမည်။ ငြင်းပယ်ခံရသောလျှောက်ထား သူသည် ပြန်လည်လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာတွင် လျှောက်လွှာကြေးကို ထပ်မံပေးဆောင်ရမည်။

(ဈ) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) နှင့်ကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များကို ခွဲခြားမှုမရှိဘဲ လိုင်စင်အရေအတွက် ကန့်သတ်ချက်မရှိ ထုတ်ပေးရမည်။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) နှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အရေအတွက်ကို ကန့်သတ်ရန်ဆုံးဖြတ်သော မည်သည့် ဆုံးဖြတ်ချက်မဆို ရှားပါးသောအရင်းအမြစ် ကန့်သတ်ချက်များကဲ့သို့သော ကျိုးကြောင်းခိုင်လုံသည့် အကြောင်းပြချက်များအပေါ်တွင် အခြေခံရမည်ဖြစ်ပြီး ယင်းသို့သောဆုံးဖြတ်ချက်များအား အများပြည်သူသဘောထားတောင်းခံခြင်း ပြုလုပ်ပြီးမှသာ ချမှတ်ရမည်။

(ည) ဤနည်းဥပဒေများအရ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) လျှောက်ထားချက်အပြင် လှိုင်းနှုန်းစဉ်အသုံးပြုခွင့်ကို သီးခြားလျှောက်ထားရမည်။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သည် ရှားပါးသော အရင်းအမြစ်များကို အသုံးပြုခွင့်အား အာမခံခြင်းမရှိပါ။

(ဋ) ဤနည်းဥပဒေများအရ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အတွက် လျှောက်ထားချက်အပြင် ဆက်သွယ်ရေးနံပါတ်ခွဲဝေသတ်မှတ်ပေးရန် လျှောက်ထားချက်ကို ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ သီးခြားလျှောက်ထားရမည်။

**၈။ အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့်ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များ**

ဆက်သွယ်ရေးဥပဒေ အခန်း ၃ အရ ပုဂ္ဂိုလ်တစ်ဦးသည် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ကို ဦးစီးဌာနသို့ မှတ်ပုံတင်ပုံစံဖြင့်လျှောက်ထားနိုင်ပြီး မှတ်ပုံတင်ပုံစံဖြင့် လျှောက်ထားခြင်းသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းထက်ပိုမိုရိုးရှင်းသည်။

(က) **မှတ်ပုံတင်ပုံစံများ**

(၁) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) တို့ကို သတ်မှတ်ထားသော မှတ်ပုံတင်ပုံစံဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(၂) လိုင်စင်လျှောက်ထားသူသည် မိမိဆောင်ရွက်လိုသည့်လုပ်ငန်းများအတွက် သင့်လျော်သည့် လိုင်စင်အမျိုးအစားကို ဆုံးဖြတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာလိုင်စင်အမျိုးအစားနှင့် ပတ်သက်သည့် အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(၃) ဦးစီးဌာနသည် မှတ်ပုံတင်ပုံစံများအား သတ်မှတ်ထားရမည်ဖြစ်ပြီး ဝက်ဘ်ဆိုက်တွင် အများပြည်သူရရှိနိုင်အောင် ဆောင်ရွက်ထားရမည်။

(ခ) **ဖြည့်စွက်ရမည့်အချက်အလက်နှင့် ပေးဆောင်ရမည့်အခကြေးငွေ**

(၁) ဦးစီးဌာနသည် မှတ်ပုံတင်ပုံစံတွင် ဖြည့်စွက်ရမည့် လိုအပ်သောအချက်အလက်များကို ထုတ်ပြန်ထားရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ခွင့်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မှန်ကန်စွာချမှတ်နိုင်ရန်အလို့ငှာ ယင်းအချက်အလက်များသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်။

(၂) လိုင်စင်အမျိုးအစားတူညီပါက သတ်မှတ်ထားသောမှတ်ပုံတင်ပုံစံတွင် ဖြည့်စွက်ရမည့် အချက်အလက်များသည် လိုင်စင်လျှောက်ထားသူများအားလုံးအတွက် တစ်ပြေးညီဖြစ်ရမည်။

(၃) ဤနည်းဥပဒေများအရ ကင်းလွတ်ခွင့်ပြုထားသည်မှအပ လိုင်စင်လျှောက်ထားသူသည် လျှောက်ထားသည့်အချိန်တွင် စီမံခန့်ခွဲမှုစရိတ်ကာမိစေရန်အတွက် ဝန်ကြီးဌာနက သတ်မှတ်ထားသော လျှောက်လွှာကြေးကို ပေးဆောင်ရမည်။

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) လျှောက်ထားသူမည်သူမဆို ပြည့်စုံတိကျပြီး လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာကို သက်ဆိုင်ရာလျှောက်လွှာကြေးနှင့်အတူ လျှောက်ထားလာပါက လျှောက်လွှာတွင် ဖော်ပြထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိခဲ့လျှင် ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုင်စင်ကို ခွင့်ပြုရမည်။

(ဃ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) လျှောက်ထားခြင်းသည် အောက်ပါကိစ္စရပ်များတွင် အကျိုးသက်ရောက်မှုမရှိစေရ -

(၁) လျှောက်ထားသူသည် မှတ်ပုံတင်ပုံစံတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီမှုမရှိခြင်း၊

(၂) မှတ်ပုံတင်ပုံစံတွင် ဖြည့်စွက်ထားသော အချက်အလက်များသည် ပြည့်စုံမှုမရှိခြင်း၊ တိကျမှန်ကန်မှုမရှိခြင်း သို့မဟုတ် လက်မှတ်ရေးထိုးမထားခြင်း၊

(၃) လျှောက်ထားသူသည် သက်ဆိုင်ရာအခကြေးငွေကို ပေးဆောင်မှုမရှိခြင်း။

(င) မှတ်ပုံတင်ပုံစံတွင် ဖြည့်စွက်ထားသောအချက်အလက်များသည် ပြည့်စုံမှုမရှိခဲ့လျှင်သော်လည်းကောင်း၊ တိကျမှန်ကန်မှုမရှိခဲ့လျှင်သော်လည်းကောင်း ဦးစီးဌာနသည် လိုအပ်သောအချက်အလက်များကို လျှောက်ထားသူထံသို့ စာဖြင့် ပေးပို့တောင်းခံရမည်။ လျှောက်ထားသူသည် ဦးစီးဌာနက တောင်းခံလာသောအချက်အလက်များကို လျှောက်လွှာပုံစံတွင် မှန်ကန်အောင်ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်လျှောက်ထားရမည်။

(စ) လျှောက်ထားသူသည် ဦးစီးဌာနက ထပ်မံတောင်းခံလာသော အချက်အလက်များကို အမြန်ဆုံးပြန်လည်ပေးပို့ရမည်။ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်ပေးပို့ရန် ပျက်ကွက်ခဲ့ပါက နှောင့်နှေးကြန့်ကြာရသည့် အကြောင်းအရင်းအား စာဖြင့်တင်ပြထားခဲ့ခြင်းမရှိလျှင်သော်လည်းကောင်း၊ တင်ပြသည့် အကြောင်းပြချက်အား ဦးစီးဌာနမှ ခိုင်လုံမှုမရှိဟု ဆုံးဖြတ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

(ဆ) ဦးစီးဌာနသည် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တို့အတွက် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်း စိစစ်၍ ဆုံးဖြတ်ချက်အား အကြောင်းပြန်ကြားရမည်။

(ဇ) မှတ်ပုံတင်ပုံစံဖြင့် လျှောက်ထားချက်ကိုစိစစ်ခြင်းသည် ရက်ပေါင်း ၃၀ ထက်ကျော်လွန်မည်ဟု ခန့်မှန်းပါက ဦးစီးဌာနသည် ထိုသို့ကြန့်ကြာရသည့်အကြောင်းအရင်းအား လျှောက်ထားသူထံစာဖြင့် အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားစာတွင် လျှောက်ထားချက်အား စိစစ်မှုပြီးစီးမည့် ခန့်မှန်းနေ့ရက်နှင့် ဆုံးဖြတ်ချက်အား အကြောင်းပြန်ကြားပေးမည့် ခန့်မှန်းနေ့ရက်ပါဝင်ရမည်။

(ဈ) မှတ်ပုံတင်ပုံစံဖြင့် လျှောက်ထားခြင်းအား ပြန်လည်စိစစ်သည့်အချိန်ကာလသည် နည်းဥပဒေ ၉ တွင် ဖော်ပြထားသည့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာအထူးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်ခြင်းမရှိလျှင် ကြန့်ကြာရကြောင်း အကြောင်းကြားစာထုတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ ထက်မပိုစေရ။ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အထူးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့်ကိစ္စများတွင် လျှောက်ထားချက်အား ပြန်လည်စိစစ်သည့်အချိန်ကာလသည် ကြန့်ကြာရကြောင်းအကြောင်းကြားစာထုတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ထက်မပိုစေရ။

(ည) ဦးစီးဌာနသည် လျှောက်ထားချက်ကိုခွင့်ပြုပါက သက်ဆိုင်ရာလိုင်စင်ကို ထုတ်ပေးရမည်။ လျှောက်ထားချက်ကိုငြင်းပယ်ခဲ့ပါက ကျိုးကြောင်းခိုင်လုံသောအကြောင်းပြချက်ရှိရမည်ဖြစ်ပြီး ထိုအကြောင်းပြချက်များကို လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။ ငြင်းပယ်ခံရသောလျှောက်ထားသူသည် ပြန်လည်လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာကြေးကို ထပ်မံပေးဆောင်ရမည်။

(ဋ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ထုတ်ပေးမည့်အရေအတွက်ကို ကန့်သတ်မထားရ။

## ၉။ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အထူးလုပ်ငန်းစဉ်များ

(က) ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) နှင့် (ဃ) တို့အရ ပြည်ပမှပုဂ္ဂိုလ်က လျှောက်ထားချက်နှင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားချက်တို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားချက်များကို လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အထူးလုပ်ငန်းစဉ်များနှင့်အညီ ဦးစွာစိစစ်၍ ကျိုးကြောင်းခိုင်လုံသောအကြောင်းပြချက်အပေါ် အခြေခံကာ လိုင်စင်ထုတ်ပေးခြင်းကို ခွင့်ပြုရန် သို့မဟုတ် ငြင်းပယ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်လိုအပ်သော လျှောက်ထားချက်များကို စိစစ်ရာတွင် နည်းဥပဒေ ၇ နှင့် ၈ ပါလုပ်ငန်းစဉ်များအပြင် အောက်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(၁) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း-အထူး (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းအားရက်ပေါင်း

၉၀ အတွင်း ဆောင်ရွက်ရမည်။ ရက်ပေါင်း ၉၀ ထက်ကျော်လွန်မည်ဟု ခန့်မှန်းပါက ဦးစီးဌာနသည် ထိုသို့ကြန့်ကြာရသည့်အကြောင်းအရင်းအား လျှောက်ထားသူထံစာဖြင့် အကြောင်းကြားရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားစာတွင် လျှောက်ထားချက်အား စိစစ်မှု ပြီးစီးမည့် ခန့်မှန်းနေ့ရက်ကို ဖော်ပြရမည်။ ထိုနေ့ရက်သည် အကြောင်းကြားစာထုတ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ ထက်မကျော်လွန်စေရ။

(၂) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင်-သာမန် (Class) လျှောက်ထားချက်အား ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းကို ရက်ပေါင်း ၆၀ အတွင်းဆောင်ရွက်ရမည်။ ရက်ပေါင်း ၆၀ ထက်ကျော်လွန်မည်ဟု ခန့်မှန်းပါက ဦးစီးဌာနသည် ထိုသို့ကြန့်ကြာရသည့်အကြောင်းအရင်းအား လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားစာတွင် လျှောက်ထားချက်အား စိစစ်မှု ပြီးစီးမည့် ခန့်မှန်းနေ့ရက်ကို ဖော်ပြရမည်။ ထိုနေ့ရက်သည် အကြောင်းကြားစာထုတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ ထက်မကျော်လွန်စေရ။

(ဃ) လျှောက်ထားချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုသည်နှင့်တစ်ပြိုင်နက် ဦးစီးဌာနသည် သက်ဆိုင်ရာလိုင်စင်ကိုထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ရရှိသူမှ ဖြည့်စွက် ဆောင်ရွက်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအသစ်များအား ခွင့်ပြုပေးရန်အတွက် လိုင်စင်အား မွမ်းမံပြင်ဆင်ခြင်း (update) တို့ကို ဆောင်ရွက်ရမည်။

(င) လျှောက်ထားချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က ငြင်းပယ်ခဲ့ပါက ကျိုးကြောင်းခိုင်လုံသော အကြောင်းပြချက်ရှိရမည်ဖြစ်ပြီး ဦးစီးဌာနသည် ထိုအကြောင်းပြချက်များကို လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။ ငြင်းပယ်ခံရသောလျှောက်ထားသူသည် ပြန်လည်လျှောက်ထား နိုင်သည်။ ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာကြေးကို ထပ်မံပေးဆောင်ရမည်။

**၁၀။ ဆက်သွယ်ရေးပစ္စည်းများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း**

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အရ လုပ်ငန်းဆောင်ရွက်မည့် ကွန်ရက်အထောက်အကူပြု ပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများသည် ဆက်သွယ်ရေးဥပဒေ အခန်း ၈ ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်း များနှင့် ကိုက်ညီရမည်။

**၁၁။ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်ခြင်း**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈ အရ ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေနှင့် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဘောင်များတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအောင်မြင်စေရန် အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်ခွင့်ရှိသည်။ ထိုသို့ ပြင်ဆင်ရာတွင် အများ ပြည်သူ သဘောထားတောင်းခံခြင်းပြုလုပ်ပြီးမှသာ ဆောင်ရွက်ရမည်။

## အခန်း (၃)

## ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအရ လုပ်ကိုင်ခွင့်ရှိသောလုပ်ငန်းများ

**၁၂။ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး** (Individual)

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) အရ လုပ်ကိုင်ခွင့် ရှိသော လုပ်ငန်းများကို ဆောင်ရွက်လိုသောပုဂ္ဂိုလ်များသည် နည်းဥပဒေ ၇ နှင့် ၉ တို့အရ လိုင်စင်လျှောက်ထားရမည်။

(ခ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူသည် အောက်ပါတို့ကို လုပ်ကိုင်ခွင့်ရှိသည် -

(၁) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူအား လိုင်စင်ရရှိသူ၏ ကွန်ရက်ပမာဏ (network capacity) အားလုံး သို့မဟုတ် အစိတ်အပိုင်းကို ငှားရမ်းခြင်း၊

(၃) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသည့် လိုင်စင်ရရှိသော အခြားသူတစ်ဦး သို့မဟုတ် အများပြည်သူသို့ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးခြင်း။

(ဂ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းများတွင် အောက်ပါတို့ကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ၎င်းတို့ကို အသုံးပြု၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့လည်း ပါဝင်သည် -

(၁) မြေပြင်အခြေစိုက်လိုင်းထုတ်လွှင့်မှု (terrestrial fixed line transmission) အထောက်အကူပြုပစ္စည်းများ၊

(၂) မြေပြင်အခြေစိုက်ရေဒီယိုထုတ်လွှင့်မှု (terrestrial radio transmission) အထောက်အကူပြုပစ္စည်းများ၊

(၃) မိုဘိုင်းအခြေစိုက်စခန်းအထောက်အကူပြုပစ္စည်းများ၊

(၄) ရေအောက်ကေဘယ်လ် (cable) အထောက်အကူပြုပစ္စည်းများ၊

(၅) အပြည်ပြည်ဆိုင်ရာပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်းအထောက်အကူပြုပစ္စည်းများ၊

(၆) ဂြိုဟ်တုမြေပြင်စခန်းအထောက်အကူပြုပစ္စည်းများ၊

(၇) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ထုတ်လွှင့်နိုင်စွမ်းကို ထောက်ပံ့ပေးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ရှိသည့် ဂြိုဟ်တုအထောက်အကူပြုအခြားပစ္စည်းများ။

(ဃ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သည် နည်းပညာအရသော်လည်းကောင်း၊ ဝန်ဆောင်မှုအရသော်လည်းကောင်း ကန့်သတ်ချက်မရှိပါ။ (technology-and service-neutral)

**၁၃။ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန်** (Class)

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းများကိုဆောင်ရွက်လိုသော ပုဂ္ဂိုလ်များသည် နည်းဥပဒေ ၈ နှင့် ၉ တို့အရ လိုင်စင်လျှောက်ထားရမည်။

(ခ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိသူသည် အောက်ပါတို့ကို လုပ်ကိုင်ခွင့်ရှိသည် -

(၁) ဆက်သွယ်ရေးကွန်ရက် အခြေခံအဆောက်အအုံကို တည်ဆောက်ခြင်း (passive Telecommunications Network Infrastructure)၊ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် ယင်းအခြေခံအဆောက်အအုံကို ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူအား ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိသူသည် အဆိုပါ ငှားရမ်းခြင်းများအား အဖွဲ့အစည်းများသို့ မျှဝေသုံးစွဲသည့်စနစ်ဖြင့်ဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုသို့ဖြစ်စေ၊ လိုင်စင်ရရှိသူမဟုတ်သည့် တတိယပုဂ္ဂိုလ်သို့ဖြစ်စေ တည်ဆဲဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုထားပါက ငှားရမ်းနိုင်သည်။

(၂) မိမိကွန်ရက်အတွင်း ဆက်သွယ်မှုအတွက်သာ ဆက်သွယ်ရေးကွန်ရက်များကို တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ယင်းဆက်သွယ်ရေး ကွန်ရက်များကို အသုံးပြု၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား အခြားသူများသို့ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

(ဂ) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိသူသည်ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူများအတွက် ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ ပံ့ပိုးနိုင်ရန်အလို့ငှာ မြို့ပြအင်ဂျင်နီယာ လုပ်ငန်းနှင့် အခြားဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ခြင်းအပါအဝင် အောက်ဖော်ပြပါ ဆက်သွယ်ရေးကွန်ရက် အခြေခံအဆောက်အအုံ (passive Telecommunications Network Infrastructure) များတည်ဆောက်ခြင်းကိုလည်း ဆောင်ရွက်နိုင်သည် -

(၁) တာဝါများ၊

(၂) ဆက်သွယ်ရေးအချက်ပြမှုများ၊ ထုတ်လွှင့်ဖမ်းယူမှုများအတွက်အသုံးပြုသည့်တိုင်များ (masts)၊

(၃) ပိုက်လုံးများ၊

(၄) ကျင်းများ၊

(၅) တိုင်များ (Poles)၊

(၆) ဒါ့ခ်ဖိုင်ဘာကြိုးများ (dark fibre)၊

(၇) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိသူသည် နည်းဥပဒေခွဲ (ဃ) တွင် ဖော်ပြထားချက်နှင့်အညီ သတင်းအချက်အလက်များထုတ်လွှင့်ရန်၊ ပေးပို့ရန်အတွက် တပ်ဆင်ထားသောရေဒီယိုစက်ပစ္စည်းကိရိယာများ (ယင်းလိုင်စင်ရရှိသူ သည် မိမိ၏ကွန်ရက်အတွင်း ဆက်သွယ်မှုအတွက်မှလွဲ၍ အခြားသူများသို့ဝန်ဆောင်မှုပေးရန် အသုံးမပြုရ)။

(ဃ) မိမိကွန်ရက်အတွင်းဆက်သွယ်မှုအတွက်သာ အသုံးပြုသော ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ကိုယ်တိုင်အတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ဆက်နွှယ်နေသည့်ကိစ္စများကိုသာ ဆောင်ရွက်ရန် ကွန်ရက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) အရ ကန့်သတ်ထားသည်။

(င) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) သည် ကွန်ရက် အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို မိမိကွန်ရက်အတွင်း ဆက်သွယ်မှု သို့မဟုတ် အဖွဲ့အစည်းအတွင်း ဆက်သွယ်မှုများအတွက်သာခွင့်ပြုပြီး အခြား မည်သည့်ကွန်ရက်နှင့်မျှ အပြန်အလှန်ချိတ်ဆက်ခွင့် မရှိစေရ။

(စ) ဝန်ကြီးဌာနသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) တွင် ယင်းလိုင်စင်နှင့်ဆိုင်သည့် အခြားသောကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း အမျိုး အစားများကို အများပြည်သူသဘောထားတောင်းခံခြင်း ပြုလုပ်ပြီးမှသာ ထည့်သွင်းနိုင်သည်။

(ဆ) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) သည် နည်းပညာ အရ ကန့်သတ်ချက်မရှိပါ (technology-neutral)။

## ၁၄။ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်

(က) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသောလုပ်ငန်းများကို ဆောင်ရွက် လိုသော ပုဂ္ဂိုလ်များသည် နည်းဥပဒေ ၇ နှင့် ၉ တို့အရ လိုင်စင်လျှောက်ထားရမည်။

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် အမှန်တကယ်သုံးစွဲသူ သို့မဟုတ် လိုင်စင်ရရှိသော အခြားသူတစ်ဦးသို့ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူတစ်ဦး သို့မဟုတ် လိုင်စင်ရရှိသော အခြားသူတစ်ဦးထံမှ ထုတ်လွှင့်မှုပမာဏ (transmission capacity) ကို တိုက်ရိုက် ငှားရမ်းခွင့်ရှိသည်။

(ဂ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တို့အရ လုပ်ကိုင်ခွင့်ရှိသော ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသော ဝန်ဆောင်မှုများအား ဖြည့်ဆည်းပေးရန် လိုအပ်သည့် ဆွစ်ချ်ခလုတ်များ၊ ရောက်တာ (Router) များနှင့် လုပ်ငန်းသုံးပစ္စည်းများမှအပ ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုပစ္စည်းများကို ဆောက်လုပ်ခွင့်၊ ထိန်းသိမ်းခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်မရှိပါ။

(င) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းအမျိုးအစားများတွင် ယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာထုတ်လွှင့်မှုပမာဏကိုငှားရမ်းရန်လိုအပ်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် ဆက်သွယ်ရေးနံပါတ်ဆိုင်ရာနည်းဥပဒေများနှင့်အညီ နံပါတ်များကို ရယူသုံးစွဲရန်လိုအပ်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည်။

(စ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ရှားပါးလှိုင်းနှုန်းစဉ်အရင်းအမြစ်အသုံးပြုရန် လိုအပ်သောလုပ်ငန်းများကို ဆောင်ရွက်ခွင့်မရှိစေရ။

(ဆ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသောလုပ်ငန်းများတွင် အောက်ပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးခြင်းတို့လည်း ပါဝင်သည် -

(၁) ဝါယာလိုင်းချိတ်ဆက်မှုပြန်လည်ရောင်းချခြင်း (resale) ဝန်ဆောင်မှုများ၊

(၂) မြေပြင်ကြိုးမဲ့ချိတ်ဆက်မှုပြန်လည်ရောင်းချခြင်း (resale) ဝန်ဆောင်မှုများ၊

(၃) အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းကွန်ရက်သယ်ယူပို့ဆောင်ရေး (transport) နှင့် ဆွီချင် (switching) ဝန်ဆောင်မှုများ၊

(၄) အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း ပြန်လည်ရောင်းချခြင်း ဝန်ဆောင်မှုများ။

(ဇ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သည် နည်းပညာနှင့်ဝန်ဆောင်မှုတွင် ကန့်သတ်ချက်မရှိပါ (technology-and service-neutral)။

**၁၅။ အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်**

(က) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လုပ်ကိုင်လိုသော ပုဂ္ဂိုလ်များသည် နည်းဥပဒေ ၈ နှင့် ၉ တို့အရ လိုင်စင်လျှောက်ထားရမည်။

(ခ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် အမှန်တကယ်သုံးစွဲသူ သို့မဟုတ် လိုင်စင်ရရှိသော အခြားသူတစ်ဦးသို့ ပြည်တွင်း၌ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူတစ်ဦး သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူတစ်ဦးထံမှ ထုတ်လွှင့်မှုပမာဏ (transmission capacity) ကို တိုက်ရိုက်ငှားရမ်းခွင့်ရှိသည်။

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသော ဝန်ဆောင်မှုများကိုသာ ဆောင်ရွက်နိုင်သည်။

(ဃ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသည့် ဝန်ဆောင်မှုများအား ဖြည့်ဆည်းပေးရန်လိုအပ်သည့် ဆွစ် (ချ်) များ၊ ရောက်တာ (Router) များနှင့် လုပ်ငန်းသုံးပစ္စည်းများမှအပ ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကိုတည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ပြည်ပဉ္စဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်း သို့မဟုတ် တယ်လီဖုန်းနံပါတ်များ သို့မဟုတ် ရှားပါးသော လှိုင်းနှုန်းစဉ်အရင်းအမြစ်လိုအပ်သည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ခွင့်မရှိပါ။

(င) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသောလုပ်ငန်းများတွင် အောက်ပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည် -

(၁) အများပြည်သူ အခပေးတယ်လီဖုန်းဝန်ဆောင်မှု (public payphone services)၊

(၂) အများပြည်သူဆွစ်(ချ်)ဒေတာ (Switched Data) ဝန်ဆောင်မှု၊

(၃) ရွေးချယ်မှုကိုအခြေခံဖြည့်ဆည်းသော (Audiotext Hosting) ဝန်ဆောင်မှု၊

(၄) တယ်လီဖုန်းလမ်းညွှန်စာအုပ်ဝန်ဆောင်မှု၊

(၅) အင်တာနက်ဝန်ဆောင်မှုပေးသူ၏ ဝန်ဆောင်မှု၊

(၆) အများပြည်သူသုံး အင်တာနက် (PAC) ဝန်ဆောင်မှု၊

(၇) သတင်းပေးပို့မှုဝန်ဆောင်မှု (messaging services)၊

(၈) ပုဂ္ဂလိကကြိုးဖုန်းအသံ သို့မဟုတ် ဒေတာ (Voice/Data) ဝန်ဆောင်မှု၊

(၉) ထပ်ဆောင်း (Value-added) ဝန်ဆောင်မှု။

(စ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သည် နည်းပညာနှင့်ဝန်ဆောင်မှုတွင် ကန့်သတ်ချက်မရှိပါ (technology-and service-neutral)။

## အခန်း (၄)

## ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများ၏ ယေဘုယျအခွင့်အရေးနှင့် တာဝန်များ

### ၁၆။ လိုင်စင်သက်တမ်း

ဤနည်းဥပဒေများအရ ထုတ်ပေးသော ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်များအားလုံး၏ လိုင်စင်သက်တမ်းအား အနည်းဆုံး ငါးနှစ်မှ အများဆုံး အနှစ် ၂၀ အထိ သတ်မှတ်နိုင်သည်။

### ၁၇။ ဝန်ဆောင်မှုလုပ်ငန်းအသစ်များ ဖြည့်စွက်ဆောင်ရွက်ခြင်း

နည်းဥပဒေ ၃ အရ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမဆို ယင်း၏ လက်ရှိလိုင်စင်အမျိုးအစားအရ လုပ်ကိုင်ခွင့်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအသစ်ကို ဖြည့်စွက်ဆောင်ရွက်ပေးလိုပါက ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) လျှောက်လွှာတွင် ဖြည့်စွက်ဆောင်ရွက်ပေးလိုသည့် ဝန်ဆောင်မှုလုပ်ငန်းအသစ်များကို ဖော်ပြရမည် ဖြစ်ပြီး ယင်းလုပ်ငန်းနှင့်ဆက်နွယ်သော စည်းကမ်းချက်များနှင့် တာဝန်များကို လိုင်စင်ရရှိသူက ဖြည့်ဆည်းပေးနိုင်ကြောင်း ဖော်ပြရမည်။

(ခ) လိုင်စင်ရရှိသူသည် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်းများမှအပ လက်ရှိ လိုင်စင်အရ လုပ်ကိုင်ခွင့်ရှိသည့်လုပ်ငန်းအသစ်များကို လျှောက်ထားပြီးသည်နှင့် စတင်ဆောင်ရွက် နိုင်သည်။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားမှုကို ငြင်းပယ်ပါက ရက်ပေါင်း ၃၀ အတွင်း လိုင်စင်ရရှိသူထံစာဖြင့် အကြောင်းကြားရမည်။

(ဂ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူသည် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများပါဝင်လာမည့် လုပ်ငန်းများကို ဖြည့်စွက်ဆောင်ရွက်လိုပါက နည်းဥပဒေ ၉ နှင့်အညီ ဦးစီးဌာနသို့လျှောက်ထားရမည်။

(ဃ) လိုင်စင်ရရှိသူသည် လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာအခကြေးငွေကို ပေးဆောင်ရမည်။

(င) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားချက်ကိုငြင်းပယ်ခဲ့ပါက ငြင်းပယ်မှုသည် ခွဲခြားမှုမရှိဘဲ ကျိုးကြောင်းခိုင်လုံရမည်။ ဦးစီးဌာနသည် ငြင်းပယ်ရသည့် အကြောင်းပြချက်ကိုလိုင်စင်ရရှိသူသို့ အကြောင်းကြားရမည်ဖြစ်ပြီး ပြန်လည်လျှောက်ထားနိုင်သည့် အခွင့်အရေးပေးရမည်။

(စ) လိုင်စင်ရရှိသူသည် ဦးစီးဌာနမှငြင်းပယ်ကြောင်း အကြောင်းကြားစာရရှိပြီး ရက်ပေါင်း ၃၀အတွင်း လုပ်ငန်းအသစ်များကို ရပ်စဲရမည်ဖြစ်သော်လည်း နည်းဥပဒေ ၄၂ အရ အယူခံနိုင်သည်။

## ၁၈။ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း

ဆက်သွယ်ရေးဥပဒေပုဒ်မ ၈ နှင့် ၁၂ အရ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရာတွင် -

(က) လိုင်စင်သက်တမ်းမကုန်ဆုံးမီ ၂၄ လထက်မစော၊ ၁၂ လထက်နောက်မကျဘဲ လျှောက်ထားရမည်။

(ခ) လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်ရရှိသူသည် အောက်ပါတို့ကို အများအားဖြင့် လိုက်နာခဲ့ပါက ဦးစီးဌာနနှင့် လိုင်စင်ရရှိသူတို့အကြား အခြားနည်းဖြင့်သဘောတူညီထားခဲ့ခြင်း မရှိခဲ့လျှင် ဦးစီးဌာနသည် ကနဦးလိုင်စင်ပါစည်းကမ်းချက်များနှင့်တူညီသော သို့မဟုတ် များပြားစွာ ကွဲလွဲမှုမရှိသော စည်းကမ်းချက်များဖြင့် ကနဦးလိုင်စင်သက်တမ်းအတိုင်း တိုးမြှင့်ပေးရမည် -

(၁) ဆက်သွယ်ရေးဥပဒေ၊

(၂) သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်နှင့် ဦးစီးဌာနမှချမှတ်သည့်ဆုံးဖြတ်ချက်များ၊

(၃) လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်များနှင့် တာဝန်များ။

(ဂ) လိုင်စင်ရရှိသူသည် သက်တမ်းတိုးမြှင့်ပေးထားသည့်လိုင်စင်များအား ထပ်မံသက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။

## ၁၉။ လိုင်စင်သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ခြင်း

ဦးစီးဌာနသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ငြင်းပယ်ပါက လိုင်စင်ရရှိသူထံ စာဖြင့်အကြောင်းကြားရမည်။ ထိုသို့အကြောင်းကြားရာတွင် -

(က) အောက်ပါတို့ကို အခြေခံသည့် ငြင်းပယ်ရခြင်း အကြောင်းပြချက်ကို ဖော်ပြရမည် -

(၁) ဆက်သွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော လိုင်စင်ရရှိသူ၏ တာဝန်များကိုလိုက်နာရန် ပျက်ကွက်ခြင်း၊

(၂) ဆက်သွယ်ရေးဥပဒေအခန်း ၁၁ ပါပြိုင်ဆိုင်မှုကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များအား တားမြစ်ခြင်းနှင့်သက်ဆိုင်သည့် ဦးစီးဌာန၏ ညွှန်ကြားချက်များ၊

(၃) ဆက်သွယ်ရေးဥပဒေအခန်း ၁၄ ပါ အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့နှင့်သက်ဆိုင်သော ဦးစီးဌာန၏ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးချက်များ -

(ကက) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကွန်ရက်အထောက်အကူပြု ပစ္စည်းများ ဖြည့်ဆည်းခြင်း၊

(ခခ) ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း။

(၄) ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၈၊ အခန်း ၁၆ နှင့် ၁၇ တို့အရ ဦးစီးဌာနက ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် အယူခံဝင်ပြီးနောက် ဝန်ကြီးဌာနမှ ချမှတ်သည့် ဆုံးဖြတ်ချက်များ၊

(၅) လိုင်စင်ပါစည်းကမ်းချက်များနှင့် တာဝန်များ။

(ခ) လိုင်စင်ရရှိသူက လိုက်နာရန်ပျက်ကွက်သည်ဟု သတ်မှတ်သည့်ကိစ္စတစ်ရပ်ရပ်အတွက် ပြန်လည်ပြင်ဆင်ရန်နှင့် သက်တမ်းတိုးမြှင့်ခြင်းကို ပြန်လည်လျှောက်ထားရန် ဦးစီးဌာနသည် လိုင်စင်ရရှိသူအား ထိုက်သင့်သော အခွင့်အရေးပေးရမည်။

(ဂ) သက်တမ်းတိုးမြှင့်လိုကြောင်း လျှောက်ထားချက်ကိုလက်ခံရရှိပြီး ခြောက်လအတွင်း ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

(ဃ) ဦးစီးဌာနသည် နည်းဥပဒေ ၃၉ နှင့် ၄၀ တို့နှင့်အညီ ဆောင်ရွက်ပြီးမှသာ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

## ၂၀။ လိုင်စင်လွှဲပြောင်းပေးအပ်ခြင်း

(က) လုပ်ငန်းလိုင်စင်တစ်ခု၏ လွှမ်းမိုးပိုင်ခွင့် (Controlling Interest) ရှိသူအပြောင်းအလဲဖြစ်ပေါ်နိုင်မည့် လွှမ်းမိုးပိုင်ခွင့်၊ အခွင့်အရေး၊ အကျိုးခံစားခွင့်၊ ခံစားပိုင်ခွင့်တစ်ခုခု သို့မဟုတ်တာဝန်များကို အခြားပုဂ္ဂိုလ်တစ်ဦးဦးထံ လွှဲပြောင်းပေးအပ်ခြင်းမပြုမီ အဆိုပါလုပ်ငန်းစဉ်သည်ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများအရ ကြိုတင်ပြုလုပ်ထားသောလုပ်ငန်းစဉ် (Pro forma transaction) မဟုတ်ခဲ့ပါက လိုင်စင်ရရှိသူသည် ဦးစီးဌာန၏ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(ခ) ဦးစီးဌာနသည် လိုင်စင်လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်းသည့် ခွင့်ပြုချက်ကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း သို့မဟုတ် နှောင့်နှေးခြင်းမရှိစေရ။ လိုင်စင်လွှဲပြောင်းပေးအပ်ခြင်းအတွက် ဦးစီးဌာနမှသတ်မှတ်ထားသည့် အချိန်ကာလသည် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများတွင် ဖော်ပြထားသည့် အချိန်ကာလအတိုင်းဖြစ်သည်။

(ဂ) လိုင်စင်လွှဲပြောင်းပေးအပ်ခြင်းအား ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများနှင့်အညီ ဦးစီးဌာနမှ စိစစ်ပြီးခွင့်ပြုမှသာ ဆောင်ရွက်ရမည်။

## ၂၁။ လိုင်စင်ကို ပြင်ဆင်ပြောင်းလဲခြင်း

(က) ဦးစီးဌာနသည် လိုင်စင်တစ်ခုကို အောက်ပါအခြေအနေတွင် ပြင်ဆင်ပြောင်းလဲနိုင်သည် -

(၁) လိုင်စင်ရရှိသူ၏ တောင်းဆိုချက် သို့မဟုတ် သဘောတူညီချက်၊

(၂) လိုင်စင်ရရှိသူအား အကြောင်းကြားစာပေးပို့ခြင်းနှင့် အများပြည်သူသဘောထား တောင်းခံခြင်းတို့ပြုလုပ်ပြီးနောက် အခါအားလျော်စွာ ပြင်ဆင်ထားသည့် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ဦးစီးဌာနကထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များနှင့် ညီညွှတ်မှုရှိစေရန်၊

(၃) လိုင်စင်ရရှိသူအား အကြောင်းကြားစာပေးပို့ခြင်းနှင့်အများပြည်သူသဘောထားတောင်းခံခြင်းတို့ပြုလုပ်ပြီးနောက် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ ဝန်ကြီးဌာနကထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ ဦးစီးဌာနကထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အများပြည်သူ၏ အကျိုးစီးပွားအတွက် ယင်းသို့ပြင်ဆင်ပြောင်းလဲရန်လိုအပ်သည်ဟု ဦးစီးဌာနကဆုံးဖြတ်လျှင်၊

(၄) လိုင်စင်ရရှိသူသည် နည်းဥပဒေ ၄၁ အရ အရေးယူခံရပြီးနောက် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများနှင့် ဦးစီးဌာနကထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များ သို့မဟုတ် သက်ဆိုင်ရာလိုင်စင်ပါ စည်းကမ်းချက်များနှင့် တာဝန်များကိုလိုက်နာရန် ပျက်ကွက်သည်ဟု ဦးစီးဌာနကဆုံးဖြတ်လျှင် သို့မဟုတ်အဆိုပါလိုင်စင်အား ပြင်ဆင်ပြောင်းလဲခြင်းသည် နောင်တွင်ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာရန် ပျက်ကွက်မှုအား တားဆီးပေးနိုင်သည်ဟု ဦးစီးဌာနက ဆုံးဖြတ်လျှင်။

(ခ) လိုင်စင်ရရှိသူသည် မည်သည့်လိုင်စင်ပြင်ဆင်ပြောင်းလဲခြင်းကိုမဆို နည်းဥပဒေ ၄၂ အရ အယူခံနိုင်သည်။

**၂၂။ လိုင်စင်ကိုကာလ အကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ နှင့် အခြားသက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများအရ လိုင်စင်ရရှိသူအနေဖြင့် အောက်ပါတို့အား လိုက်နာရန်ပျက်ကွက်သည်ဟု ဦးစီးဌာနက ဆုံးဖြတ်ပါက လိုင်စင်အရ ဆောင်ရွက်ခွင့်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု သို့မဟုတ် အားလုံးကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းနိုင်သည် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်နိုင်သည် -

(က) ဆက်သွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော လိုင်စင်ရရှိသူ၏ တာဝန်တစ်ရပ်ရပ်၊

(ခ) ပြိုင်ဆိုင်မှုကိုဆန့်ကျင်သည့် လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေအခန်း ၁၁ အရ ဦးစီးဌာနကချမှတ်သော ညွှန်ကြားချက်တစ်ရပ်ရပ်၊

(ဂ) ဆက်သွယ်ရေးဥပဒေ အခန်း ၁၄ အရ အငြင်းပွားမှုများကိုဖြေရှင်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဦးစီးဌာနကချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်၊

(ဃ) လိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဥပဒေ အခန်း ၁၇ အရ ဖွဲ့စည်းသည့် အယူခံခုံရုံးသို့အယူခံရန် ငြင်းပယ်ခဲ့လျှင် ဦးစီးဌာနကချမှတ်သောအမိန့်တစ်ရပ်ရပ်ကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၈ အရ ဝန်ကြီးဌာနသို့ အယူခံပြီးနောက် ဝန်ကြီးဌာနကချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်၊

(င) ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၂ အရ အယူခံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်၊

(စ) လိုင်စင်တွင်ပါဝင်သော စည်းကမ်းချက် သို့မဟုတ် တာဝန်တစ်ရပ်ရပ်။

**၂၃။ လိုင်စင်ပြန်လည်အပ်နှံခြင်း**

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူသည် ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ လိုင်စင်ကို ပြန်လည်အပ်နှံနိုင်သည် -

(၁) လိုင်စင်ရရှိထားသူသည် သက်ဆိုင်ရာလိုင်စင်ကို ပြန်လည်အပ်နှံရန် အဆိုပြုထားသည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၁၈၀ ကြိုတင်၍ ဦးစီးဌာနသို့လျှောက်ထားရမည်။

(၂) ဦးစီးဌာနသည် လိုင်စင်ပြန်လည်အပ်နှံခြင်းကိုခွင့်ပြုလျှင် လိုင်စင်ရရှိသူသည် မိမိ၏ အမှန်တကယ်သုံးစွဲသူများကို ဦးစီးဌာနက သတ်မှတ်ပေးသော အခြားသင့်လျော်သည့် လိုင်စင်ရရှိသူများထံသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်ရမည်။

(ခ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိထားသူသည် သက်ဆိုင်ရာလိုင်စင်ကို ပြန်လည်အပ်နှံရန် အဆိုပြုထားသည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ဦးစီးဌာနသို့ လျှောက်ထားရမည်။ ဦးစီးဌာနက လိုင်စင်ပြန်လည်အပ်နှံခြင်းကို ခွင့်ပြုလျှင် လိုင်စင်ရရှိသူသည် မိမိအမှန်တကယ် သုံးစွဲသူများကိုဦးစီးဌာနက သတ်မှတ်ပေးသောအခြားသင့်လျော်သည့် လိုင်စင်ရရှိသူများထံသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်ရမည်။

**၂၄။ အခကြေးငွေများ**

(က) လိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ သတ်မှတ်ထားသော အခကြေးငွေများကို ပေးဆောင်ရမည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည် -

(၁) လျှောက်ထားသည့် အချိန်တွင်ပေးဆောင်ရမည့် လျှောက်လွှာကြေး၊

(၂) ကနဦးလိုင်စင်ခ၊

(၃) သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကိုအခြေခံသည့် နှစ်စဉ်ကြေး၊

(၄) လိုင်စင်သက်တမ်းတိုးမြှင့်ခ၊

(၅) ဝန်ဆောင်မှုလုပ်ငန်းအသစ်များဖြည့်စွက်ဆောင်ရွက်ခြင်းအတွက် အခကြေးငွေ၊

(၆) အများပြည်သူသဘောထား တောင်းခံခြင်းပြုလုပ်ပြီးနောက် ဝန်ကြီးဌာနကသတ်မှတ်သော အခြားအခကြေးငွေများ။

(ခ) ဝန်ကြီးဌာနသည် အများပြည်သူသဘောထားတောင်းခံခြင်းပြုလုပ်ပြီး ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၁၅၊ ၈၁ နှင့် ၈၂ တို့အရလည်းကောင်း၊ အခြားဆက်စပ်ဥပဒေများနှင့် သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းမူဘောင်တို့အရလည်းကောင်း အမျိုးအစားတူညီသောလိုင်စင်ရရှိသူများ အပေါ် သာတူညီမျှမှုရှိပြီး တစ်ပြေးညီဖြစ်သော အခကြေးငွေများကို သတ်မှတ်ရမည်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်များ အတွက် အခကြေးငွေများသည် ဦးစီးဌာန၏ စီမံခန့်ခွဲမှုကုန်ကျစရိတ် (administrative costs) များအပေါ်တွင် အခြေခံရမည်။

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်များ အတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများကို ဇယား (၁) ပါ အတိုင်းသတ်မှတ်သည်။

(ဃ) ဝန်ကြီးဌာနသည် အခကြေးငွေပြင်ဆင်သတ်မှတ်ချက်များအား အများပြည်သူသဘောထား တောင်းခံခြင်းပြုလုပ်ပြီး ၃ နှစ်လျှင်တစ်ကြိမ် ပြန်လည်စိစစ်ဆောင်ရွက်ရမည်။ ပြန်လည် ပြင်ဆင်ထားသည့် အခကြေးငွေများကို ဇယား (၁) တွင် ပြင်ဆင်ဖော်ပြရမည်။

(င) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လိုင်စင်ရရှိသူတစ်ဦးဦးကိုသော် လည်းကောင်း၊ လိုင်စင်ရရှိသူအုပ်စု (Class of Licensee) တစ်ခုခုကိုသော်လည်းကောင်း၊ လိုင်စင်အမျိုးအစားတစ်ခုခုကိုသော်လည်းကောင်း၊ လိုင်စင်အမျိုးအစားအုပ်စု (Class of Licenses) ကိုသော်လည်းကောင်း အခကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။ ယင်းသို့ ကင်းလွတ်ခွင့်ပြုခြင်းသည် ပွင့်လင်းမြင်သာမှုရှိ၍ ကျိုးကြောင်းဆီလျော်ရမည်ဖြစ်ပြီး အများပြည်သူသဘောထား တောင်းခံခြင်းကို ပြုလုပ်ပြီးမှ ဆောင်ရွက်ရမည်။

**၂၅။ အခကြေးငွေများပေးဆောင်ရန် ပျက်ကွက်ခြင်း**

လိုင်စင်ရရှိသူတစ်ဦးသည် လက်ခံနိုင်လောက်သည့် အကြောင်းခိုင်လုံမှုမရှိပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၁ နှင့်အညီ -

(က) ဝန်ကြီးဌာနကသတ်မှတ်ထားသောပေးဆောင်ရမည့်အခကြေးငွေကို ပေးဆောင်ရန်စေ့ရောက်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းပေးဆောင်ရန်ပျက်ကွက်မှုအတွက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်တွင် ထိုအချိန်ကဖြစ်ပေါ်ခဲ့သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ငွေချေးနှုန်းအပေါ်တွင် အခြေခံ၍ ဝန်ကြီးဌာနက သတ်မှတ်ပေးသောနှုန်းထားဖြင့်ပေးဆောင်ရန် စေ့ရောက်ခဲ့သည့် နေ့အထိ နောက်ကြောင်းပြန်၍ ဝန်ကြီးဌာနသို့ အတိုးပေးဆောင်ရမည်။

(ခ) ဝန်ကြီးဌာနသို့ပေးဆောင်ရမည့် အခကြေးငွေကိုပေးဆောင်ရန် (သို့မဟုတ် အခြားပေးချေမှုကို ပြုလုပ်ရန်) အချိန်စေ့ရောက်သည့်နေ့ရက်မှရက်ပေါင်း ၃၀ အတွင်းတမင်သော်လည်းကောင်း၊ ထပ်ခါထပ်ခါသော်လည်းကောင်း ပျက်ကွက်ခဲ့လျှင် ဝန်ကြီးဌာနသည် နည်းဥပဒေ ၃၉၊ ၄၀၊ ၄၁ နှင့် အခြားဆက်စပ်ဥပဒေများ သို့မဟုတ် နည်းဥပဒေများနှင့်အညီ အရေးယူနိုင်သည်။

**၂၆။ လုပ်ငန်းဆိုင်ရာကျင့်စဉ်များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ နှင့် ၈၃ တို့အရ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် ဤနည်းဥပဒေများအား အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းဆိုင်ရာကျင့်စဉ်၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း၊ အခြားနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများတွင် ဖော်ပြထားခဲ့ခြင်းမရှိသေးသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းများအား လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များကိုသော်လည်းကောင်း ထုတ်ပြန်နိုင်သည်။

ထိုသို့ထုတ်ပြန်ရာတွင် -

(က) မထုတ်ပြန်မီလိုင်စင်ရရှိသူထံ အကြောင်းကြားစာပေးပို့ခြင်းနှင့် အများပြည်သူ သဘောထားတောင်းခံခြင်းပြုလုပ်ခြင်းကို ဆောင်ရွက်ရမည်။

(ခ) မည်သည့်လုပ်ငန်းဆိုင်ရာကျင့်စဉ်၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကိုမဆို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်ဖြစ်ပြီး ထိုသို့ထုတ်ပြန်ရသည့် အကြောင်းအရင်းနှင့် ဥပဒေကြောင်းဆိုင်ရာရှင်းလင်းချက်တို့ ပါဝင်ရမည်။

## အခန်း (၅)

## ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများ၏ သီးခြားအခွင့်အရေးနှင့် တာဝန်များ

**၂၇။ ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူများ၏ တာဝန်များ**

ဦးစီးဌာနသည် သက်ဆိုင်သော ဈေးကွက်အပေါ် ပြန်လည်စိစစ်ခြင်းနှင့်ဆက်သွယ်ရေးဥပဒေ၊ အခြားဆက်စပ်ဥပဒေများ၊ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်များ၊ အထူးသဖြင့် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများ၊ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနည်းဥပဒေများအရ ဈေးကွက်လွှမ်းမိုးသောလိုင်စင်ရရှိသူများဟု သတ်မှတ်ခြင်းခံရသည့် လိုင်စင်ရရှိသူများအပေါ်တွင် သီးခြားတာဝန်များ သတ်မှတ်ပေးနိုင်သည်။

**၂၈။ ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံသို့ဝင်ရောက်ခွင့်**

ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူ သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိသူသည် ဆက်သွယ်ရေးဥပဒေ အခန်း ၁၃ တွင် အသေးစိတ်ဖော်ပြထားသည့်လုပ်ငန်းစဉ်များအရ ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ရန် သို့မဟုတ် ပြုပြင်ရန်အတွက် ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံနေရာသို့ ပိုင်ရှင်၏ သဘောတူညီချက်ဖြင့်သာ ဝင်ရောက်ရမည်။ သဘောတူညီချက်မရရှိနိုင်ပါက ဦးစီးဌာန၏အကူအညီကို တောင်းခံနိုင်သည်။ ဦးစီးဌာနသည် လိုင်စင်ရရှိသူကို ကူညီပေးနိုင်ရန် တတ်နိုင်သမျှ သင့်လျော်သောအတိုင်းအတာအထိ ညှိနှိုင်းဆောင်ရွက်ပေးရမည်။

**၂၉။ အများပြည်သူအသုံးပြုသည့်လမ်းနှင့် မြေများသို့ဝင်ရောက်ခွင့်**

ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class) ရရှိသူသည် အများပြည်သူအသုံးပြုသည့် လမ်းနှင့်မြေများကို အမှန်တကယ်အသုံးပြုရန် လိုအပ်လာပါက စီမံခန့်ခွဲခွင့်ရှိသူ၏ သဘောတူညီချက်ဖြင့်သာ ဝင်ရောက်ရမည်။ ထိုသို့ မဝင်ရောက်မီတည်ဆဲဥပဒေတစ်ရပ်ရပ်အရ လိုအပ်သော မည်သည့်ခွင့်ပြုချက်ကိုမဆို ရယူရမည် -

(က) လိုင်စင်ရရှိသူသည် အများပြည်သူအသုံးပြုသည့်လမ်းနှင့်မြေများသို့ ဝင်ရောက်ခွင့်ကိုတောင်းခံရာတွင် ဦးစီးဌာနကိုအကြောင်းကြားရမည်ဖြစ်ပြီး ဦးစီးဌာန၏အကူအညီကိုတောင်းခံနိုင်သည်။ ဦးစီးဌာနက လိုင်စင်ရရှိသူကိုကူညီပေးနိုင်ရန် တတ်နိုင်သမျှ သင့်လျော်သောအတိုင်းအတာထိ ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) လိုင်စင်ရရှိသူသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေနေရာများနှင့်ကွန်ရက်အထောက်အကူပြု ပစ္စည်းများထည့်သွင်းရန်ထားရှိသည့်နေရာ (rights of way) များ၏အထက်နှင့်အောက်တွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများကို တည်ထောင်လုပ်ကိုင်ရာတွင် အောက်ပါတို့အတွက် သင့်လျော်သည့် အစီအမံများကို ဆောင်ရွက်ထားရမည် -

(၁) ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် ပြည်သူပိုင်ပစ္စည်းကို ထိခိုက်ပျက်စီး စေခြင်းမှ ရှောင်ရှားရန်၊

(၂) ကားလမ်း၊ မီးရထားလမ်း၊ ရေလမ်းကြောင်းနှင့် လေလမ်းကြောင်းတို့တွင် အများပြည်သူ ခရီးသွားလာခြင်းကို အနှောင့်အယှက်ဖြစ်မှု အနည်းဆုံးဖြစ်စေရန်။

**၃၀။ တယ်လီဖုန်းလမ်းညွှန်** (Directory) **နှင့် တယ်လီဖုန်းလမ်းညွှန်စုံစမ်းရေး** (Directory Enquiry) **ဝန်ဆောင်မှုများပေးခြင်း**

ဆက်စပ်ဥပဒေများနှင့် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်တို့အရ ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်အတွင်းရှိ ဆက်သွယ်ရေးနံပါတ်များရရှိထားသော လိုင်စင်ရရှိသူသည် -

(က) တယ်လီဖုန်းလမ်းညွှန်များကို ထုတ်ဝေ၍ လမ်းညွှန်စုံစမ်းရေးဝန်ဆောင်မှုပေးနိုင်သည်။ ထိုသို့ ဝန်ဆောင်မှုပေးရာတွင် အမှန်တကယ်သုံးစွဲသူမှ တယ်လီဖုန်းလမ်းညွှန်နှင့် တယ်လီဖုန်းလမ်းညွှန် စုံစမ်းရေးဝန်ဆောင်မှုများတွင် ထည့်သွင်းဖော်ပြခြင်းမပြုရန်တောင်းဆိုခဲ့လျှင် တယ်လီဖုန်း လမ်းညွှန်ဝန်ဆောင်မှုမှ ဖယ်ရှားပေးရန်လိုင်စင်ရရှိသူက အခမဲ့ဆောင်ရွက်ပေးရမည်။

(ခ) အမှန်တကယ်သုံးစွဲသူများ၏နံပါတ်များကို ပြည့်စုံမှန်ကန်တိကျသော အချက်အလက်အစုအဝေး (Database) ဖြင့် ထိန်းသိမ်းထားရမည်ဖြစ်ပြီး တယ်လီဖုန်းလမ်းညွှန်နှင့် တယ်လီဖုန်းလမ်းညွှန် စုံစမ်းရေးများတွင် ထည့်သွင်းဖော်ပြခြင်းမပြုရန် တောင်းဆိုထားသည့် နံပါတ်များကို ရှင်းလင်းစွာ ခွဲခြားထည့်သွင်းထားရမည်။ တယ်လီဖုန်းလမ်းညွှန်နှင့် တယ်လီဖုန်းလမ်းညွှန်စုံစမ်းရေးဝန်ဆောင်မှု ပေးရန်အတွက် ဦးစီးဌာနမှသတ်မှတ်ပေးသည့် လိုင်စင်ရရှိသူတစ်ဦးဦးအား သင့်လျော်သည့် စည်းကမ်းချက်များဖြင့် ယင်း Database ကိုရရှိနိုင်စေရန် ဆောင်ရွက်ပေးရမည်။

**၃၁။ အများပြည်သူ အရေးပေါ်ခေါ်ဆိုမှု ဝန်ဆောင်မှုပေးခြင်း**

ဆက်စပ်ဥပဒေများနှင့် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဘောင်တို့အရ ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်အတွင်းရှိ ဆက်သွယ်ရေးနံပါတ်များရရှိထားသော လိုင်စင်ရရှိသူသည် -

(က) အမှန်တကယ်သုံးစွဲသူတိုင်းကို မိမိ၏ ကွန်ရက်နှင့်တွဲဖက်အသုံးပြုထားသော ဆက်သွယ်ရေးပစ္စည်းမှ တစ်ဆင့် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်အတွင်းရှိ ပြည်တွင်းသုံးအရေးပေါ် နံပါတ် တစ်ခုခုသို့ အခမဲ့ခေါ်ဆိုနိုင်စေရန် ဆောင်ရွက်ပေးရမည်။

(ခ) အရေးပေါ်ခေါ်ဆိုမှုဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနမှပြဋ္ဌာန်းလိုက်သည့် စက်မှုပိုင်းဆိုင်ရာနှင့် အခြားဖြည့်ဆည်းပေးရမည့် အချက်များအား လိုက်နာရမည်။

**၃၂။ အသုံးပြုသူကို အကာအကွယ်ပေးခြင်းဆိုင်ရာ တာဝန်များ**

ဆက်သွယ်ရေးဥပဒေ အခန်း ၉ နှင့် ဆက်စပ်နည်းဥပဒေများအရ လိုင်စင်ရရှိသူများသည် -

(က) အမှန်တကယ်အသုံးပြုသူများနှင့် ချုပ်ဆိုနိုင်ရန် စာချုပ်ပုံစံသတ်မှတ်ထားရှိရမည်။

(ခ) အမှန်တကယ် အသုံးပြုသူများအား မှန်ကန်သည့် အသေးစိတ်ငွေတောင်းခံလွှာများ ပေးပို့ရမည်။

(ဂ) အမှန်တကယ် အသုံးပြုသူများအား မျှတ၍ပွင့်လင်းမြင်သာမှုရှိသော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်ကို သတ်မှတ်ပေးရမည်။

(ဃ) ဝန်ဆောင်ခနှုန်းထားများနှင့် ဝန်ဆောင်မှုအရည်အသွေးတို့ပါဝင်သော ဝန်ဆောင်မှုအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ထုတ်ပြန်ထားရမည်။

( င ) အမှန်တကယ်အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် သတင်းအချက်အလက် လုံခြုံရေးတို့ကို ကာကွယ်ပေးမည့် အစီအစဉ်များအား စာဖြင့်ရေးသားဖော်ပြထားရမည်။

## အခန်း (၆)
## အခြားခွင့်ပြုချက်များ

### ၃၃။ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်

ဆက်သွယ်ရေးဥပဒေ အခန်း ၄ အရ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရယူပြီးမှသာ သုံးစွဲရမည့်ပစ္စည်းစာရင်းကို ပြုစုထားရှိရမည် -

(က) ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူရန်လိုအပ်သော ဆက်သွယ်ရေးပစ္စည်းစာရင်းကို ဇယား (၂) ပါအတိုင်း သတ်မှတ်သည်။

( ခ ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့်ဇယားတွင် ဆက်သွယ်ရေးပစ္စည်းများ ထပ်တိုးခြင်းအား အများပြည်သူသဘောထားတောင်းခံခြင်းကို ပြုလုပ်ပြီး ဆောင်ရွက်နိုင်သည်။ ထိုသို့ ထပ်တိုးသည့်ပစ္စည်းများသည် ယေဘုယျအားဖြင့် လှိုင်းနှုန်းနှောင့်ယှက်မှုဖြစ်နိုင်ခြေများသော သို့မဟုတ် ပြည်သူလူထု အကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သော ဆက်သွယ်ရေး ပစ္စည်းများဖြစ်ရမည်။

( ဂ ) ဆက်သွယ်ရေးပစ္စည်းအမျိုးအစားတစ်မျိုးကို ထည့်သွင်းရန်အတွက် အများပြည်သူသဘောထား တောင်းခံခြင်းပြုလုပ်ရာတွင် သက်ဆိုင်ရာ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်တွင် ထည့်သွင်းမည့် စည်းကမ်းချက်များကိုပါဖော်ပြ၍ သဘောထားမှတ်ချက်တောင်းခံရမည်။

(ဃ) ဇယား (၂) တွင် သတ်မှတ်ထားသည့် ဆက်သွယ်ရေးပစ္စည်းများကိုအသုံးပြုလိုသည့် လိုင်စင်ရရှိသူ အားလုံးအတွက် လိုင်စင်စည်းကမ်းသတ်မှတ်ချက်များနှင့် သက်တမ်းသည်တစ်ပြေးညီဖြစ်ရမည်။

( င ) အောက်ပါတို့အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်လျှောက်ထားရန်မလို -

(၁) လုပ်ငန်းလိုင်စင်ရရှိသူက မိမိအသုံးပြုရန် ဝယ်ယူရင်းနှီးထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(၂) လုပ်ငန်းလိုင်စင်ရရှိသူထံမှ ရယူထားသောဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း။

( စ ) ခွင့်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းစဉ် -

(၁) ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရရှိရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(၂) ဦးစီးဌာနသည် လျှောက်လွှာပုံစံတွင်ဖြည့်စွက်ရမည့် လိုအပ်သောအချက်အလက်များကို ထုတ်ပြန်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာဆုံးဖြတ်ချက်များကို မှန်ကန်စွာ ချမှတ်နိုင်ရန်အလို့ငှာ ယင်းအချက်အလက်များသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်။

(၃) သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင်ဖြည့်စွက်ရမည့်အချက်အလက်များသည် ဆက်သွယ်ရေး ပစ္စည်းဆိုင်ရာလိုင်စင် လျှောက်ထားသူများအားလုံးအတွက် တစ်ပြေးညီဖြစ်ရမည်။

(၄) လျှောက်ထားသည့်အချိန်တွင် စီမံခန့်ခွဲမှုစရိတ်ကာမိစေရန်အတွက် ဝန်ကြီးဌာနက သတ်မှတ်ထားသော လျှောက်လွှာကြေးကို ပေးဆောင်ရမည်။

(၅) ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင် လျှောက်ထားသူမည်သူမဆို ပြည့်စုံတိကျပြီး လက်မှတ် ရေးထိုးထားသည့် လျှောက်လွှာကို သက်ဆိုင်ရာလျှောက်လွှာကြေးနှင့်အတူ လျှောက်ထား လာပါက လျှောက်လွှာတွင်ဖော်ပြထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိခဲ့လျှင် ဦးစီးဌာနသည် လိုင်စင်ကို ခွင့်ပြုရမည်။

(၆) လျှောက်လွှာတွင် ဖြည့်စွက်ထားသော အချက်အလက်များသည် ပြည့်စုံမှုမရှိခဲ့လျှင်သော်လည်းကောင်း၊ တိကျမှန်ကန်မှုမရှိခဲ့လျှင်သော်လည်းကောင်း ဦးစီးဌာနသည် လိုအပ်သော အချက်အလက်များကို လျှောက်ထားသူထံသို့ စာဖြင့် ပေးပို့တောင်းခံရမည်။ လျှောက်ထားသူသည် ဦးစီးဌာနကတောင်းခံလာသော အချက်အလက်များကို လျှောက်လွှာပုံစံတွင် မှန်ကန်အောင်ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်လျှောက်ထားရမည်။

(၇) လျှောက်ထားသူသည် ဦးစီးဌာနက ထပ်မံတောင်းခံလာသော အချက်အလက်များကို အမြန်ဆုံးပြန်လည်ပေးပို့ရမည်။ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်ပေးပို့ရန်ပျက်ကွက်ခဲ့ပါက နှောင့်နှေးကြန့်ကြာရသည့်အကြောင်းအရင်းအား စာဖြင့်တင်ပြထားခဲ့ခြင်းမရှိလျှင်သော်လည်းကောင်း၊ တင်ပြသည့်အကြောင်းပြချက်အား ဦးစီးဌာနမှ ခိုင်လုံမှုမရှိဟု ဆုံးဖြတ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

(၈) ဦးစီးဌာနသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်အတွက် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိပြီး ရက်ပေါင်း ၃၀ အတွင်းစိစစ်၍ ဆုံးဖြတ်ချက်အား အကြောင်းပြန်ကြားရမည်။

(၉) ဦးစီးဌာနသည် လျှောက်ထားချက်ကို ခွင့်ပြုပါက ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ကို ထုတ်ပေးရမည်။ လျှောက်ထားချက်ကို ငြင်းပယ်ခဲ့ပါက ကျိုးကြောင်းခိုင်လုံသော အကြောင်းပြချက်ရှိရမည်ဖြစ်ပြီး ထိုအကြောင်းပြချက်များကို လျှောက်ထားသူသို့ စာဖြင့်အကြောင်းကြားရမည်။ ငြင်းပယ်ခံရသောလျှောက်ထားသူသည် ပြန်လည်လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာကြေးကို ထပ်မံပေးဆောင်ရမည်။

(၁၀) ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်အရေအတွက်ကို ကန့်သတ်ခြင်းမပြုရ။

(ဆ) ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်သက်တမ်းသည် တစ်နှစ်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ ဦးစီးဌာနသို့ ကြိုတင်တင်ပြပြီး နှစ်စဉ်သက်တမ်းတိုးသွားနိုင်သည်။ တင်ပြစာတွင် လိုင်စင်ရရှိသူနှင့် သက်ဆိုင်သည့်အချက်များ၊ လိုင်စင်မှခွင့်ပြုထားသော ဆက်သွယ်ရေးပစ္စည်းနှင့် ယင်းပစ္စည်းအား အသုံးပြုပုံတို့ကို ဖော်ပြရမည်။

(ဇ) ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရရှိသူများသည် ဆက်သွယ်ရေးဥပဒေအခန်း ၄ နှင့် ၅ တို့အရ -

(၁) ဆက်သွယ်ရေးပစ္စည်းများကို လိုင်စင်တွင်ခွင့်ပြုထားသော နေရာများတွင်သာ ထားရှိအသုံးပြုရမည်။

(၂) နိုင်ငံတော်၏ လုံခြုံရေးကို မထိခိုက်စေရန် စီမံဆောင်ရွက်ထားရမည်။

(၃) အသုံးပြုသည့် ဆက်သွယ်ရေးပစ္စည်းများနှင့် ပတ်သက်၍ ဦးစီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာရမည်။

(၄) ဆက်သွယ်ရေးဥပဒေ အခန်း ၈ တွင် ပြဋ္ဌာန်းထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများအားလုံးကို လိုက်နာရမည်။

## ၃၄။ လှိုင်းနှုန်းစဉ်အသုံးပြုခွင့်

ဆက်သွယ်ရေးဥပဒေအခန်း ၆၊ လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများအပါအဝင်သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်များအရ ဦးစီးဌာနသည် လိုင်စင်စည်းကမ်းချက်များနှင့်ကိုက်ညီသည့် မည်သည့်အသုံးပြုမှုအတွက်မဆို သတ်မှတ်ထားသော လှိုင်းနှုန်းတစ်ခု သို့မဟုတ် လှိုင်းနှုန်းများ သို့မဟုတ် လှိုင်းနှုန်းခွင်များကို ပုဂ္ဂိုလ်တစ်ဦးအား အသုံးပြုခွင့်ပြုရာတွင် ထိုလှိုင်းနှုန်းစဉ်အသုံးပြုခွင့်ကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် သီးခြားခွဲ၍ ထုတ်ပေးရမည်။

**၃၅။ ဆက်သွယ်ရေးနံပါတ် အရင်းအမြစ်များကို အသုံးပြုခွင့်**

ဆက်သွယ်ရေးဥပဒေ အခန်း ၇၊ ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဘောင်များအရ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual) ရရှိသူများနှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများသည် ဆက်သွယ်ရေးနံပါတ်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေးနံပါတ်အရင်းအမြစ်များကို တောင်းခံနိုင်သည်။

## အခန်း (၇)

## ကြီးကြပ်စစ်ဆေးခြင်းနှင့် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း

**၃၆။ အချက်အလက်တင်ပြခြင်းဆိုင်ရာပြဋ္ဌာန်းချက်**

(က) ဆက်သွယ်ရေး ဥပဒေအခန်း ၁၂ နှင့် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဘောင်အရ ဦးစီးဌာနသည် -

(၁) လိုင်စင်ရရှိသူအုပ်စုအားလုံး သို့မဟုတ် အုပ်စုတစ်စုစုတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ ပုံမှန်အစီရင်ခံတင်ပြနိုင်ရန် သင့်လျော်သည့်ပုံစံကို သတ်မှတ်ထားရမည်။

(၂) ဦးစီးဌာနသည် အချက်အလက်၊ အထောက်အထား၊ သဘောတူစာချုပ်၊ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း၊ စာရွက်စာတမ်းနှင့် ဆက်သွယ်ရေးဥပဒေအရ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် လိုအပ်သောအခြားမည်သည့်အချက်အလက်ကိုမဆို လိုင်စင်ရရှိသူများသို့ စာဖြင့် တောင်းခံနိုင်သည်။ ယင်းတောင်းခံမှုသည် သင့်တင့်မျှတပြီး၊ လိုင်စင်ရရှိသူအပေါ် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးမဖြစ်စေရဘဲ ဥပဒေနှင့်အညီ တားဆီးထိန်းသိမ်းခြင်း (Lawful Interception) အတွက် တောင်းခံခြင်းမဟုတ်လျှင် အချက်အလက်များကို ဖြည့်ဆည်းပေးရန်အတွက် လိုင်စင်ရရှိသူအား အနည်းဆုံး ရက်ပေါင်း ၃၀ အချိန်ပေးရမည်။

(ခ) လိုင်စင်ရရှိသူအားလုံးသည် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနမှ အချက်အလက်တောင်းခံမှု သို့မဟုတ် အစီရင်ခံတင်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရမည်။

**၃၇။ လိုင်စင်စာရင်းပြုစုထားရှိခြင်း**

ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်အားလုံးကို အများပြည်သူသိရှိနိုင်မည့်ပုံစံဖြင့် စာရင်းပြုစုထိန်းသိမ်းထားရမည်။ ယင်းစာရင်းတွင် အနည်းဆုံး အောက်ပါတို့ပါဝင်ရမည်ဖြစ်ပြီး ဦးစီးဌာန၏ဝက်ဘ်ဆိုက်တွင် အများပြည်သူသိရှိနိုင်အောင်ဆောင်ရွက်ထားရမည် -

(က) လိုင်စင်ရရှိသူ၏ အမည်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် ဖက်စ်နံပါတ်၊

(ခ) ခွင့်ပြုချက်ရရှိထားသောလိုင်စင်များ၊

(ဂ) လိုင်စင်ရရှိသူလုပ်ကိုင်ခွင့်ရှိသော ဝန်ဆောင်မှုအမျိုးအစားများ၊

(ဃ) လိုင်စင်စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် သက်တမ်းကုန်ဆုံးမည့်နေ့ရက်များ။

**၃၈။ စုံစမ်းစစ်ဆေးခွင့်**

ဆက်သွယ်ရေးဥပဒေ အခန်း ၁၂ အရ ဦးစီးဌာနသည် လိုင်စင်ရရှိသူတစ်ဦးဦး၏ အထောက်အကူပြုပစ္စည်းများနှင့် စာရွက်စာတမ်းအထောက်အထားများကို စုံစမ်းစစ်ဆေးနိုင်သည်။ စုံစမ်းစစ်ဆေးခြင်းသည် တရားဥပဒေနှင့်ညီညွတ်သည့် ရည်ရွယ်ချက်ရှိရမည်ဖြစ်ပြီး ရည်ရွယ်ချက်နှင့်အချိုးညီမျှသော စုံစမ်းစစ်ဆေးမှုဖြစ်ရမည်။ ထိုသို့ စုံစမ်းစစ်ဆေးခြင်းမပြုမီ လိုင်စင်ရရှိသူထံ ကျိုးကြောင်းခိုင်လုံသည့် အကြောင်းကြားစာကြိုတင်ပေးပို့ရမည်။

**၃၉။ ဖောက်ဖျက်မှုအတွက် အကြောင်းကြားစာပေးပို့ခြင်း**

လိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဥပဒေ၊ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင် သို့မဟုတ် လိုင်စင်ပါ တာဝန် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ နှင့် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်း မူဘောင်တို့နှင့်အညီ ဦးစီးဌာနသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ဆောင်ရွက်နိုင်သည်။

(က) ဦးစီးဌာနသည် အရေးယူဆောင်ရွက်ခြင်းမပြုမီ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) လိုင်စင်ရရှိသူသည် ဖောက်ဖျက်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု ဦးစီးဌာနကယုံကြည်သည့် အကြောင်းအရင်းနှင့် ဥပဒေကြောင်းဆိုင်ရာ ရှင်းလင်းချက် ဖော်ပြပါရှိသည့်အကြောင်းကြားစာကို လိုင်စင်ရရှိသူထံ ပေးပို့ရမည်။

(၂) စွဲချက်ပြုထားသည့် ဖောက်ဖျက်မှုကို ပြန်လည်ပြင်ဆင်ခွင့် အပါအဝင် ဦးစီးဌာန၏စွဲချက်ကို ချေပရန် ထိုက်သင့်သော အခွင့်အရေး ပေးရမည်။

(ခ) လိုင်စင်ရရှိသူက ဖောက်ဖျက်မှုကို ကျူးလွန်ခဲ့သည်ဟူသော စွဲချက်တစ်ရပ်ရပ်အား ဆုံးဖြတ်ရာတွင် စီမံခန့်ခွဲမှုဆိုင်ရာ မှတ်တမ်းကိုအခြေခံ၍ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်နှင့်အညီ ဆောင်ရွက်ရမည်။

**၄၀။ ဖောက်ဖျက်မှုအတွက် ပေးပို့သည့် အကြောင်းကြားစာတွင် ပါဝင်ရမည့်အချက်များ**

ဦးစီးဌာနက ဖောက်ဖျက်မှုကို အရေးယူမည်ဟု ဆုံးဖြတ်ခဲ့ပါက လိုင်စင်ရရှိသူထံ အောက်ပါ အချက်များပါဝင်သည့် အကြောင်းကြားစာ ပေးပို့ရမည် -

(က) အကြောင်းအရာ အချက်အလက်ကို အခြေခံသည့် ဆုံးဖြတ်ချက်များ၊

(ခ) ဥပဒေကြောင်းကို အခြေခံသည့် ဆုံးဖြတ်ချက်များ၊

(ဂ) ချမှတ်သည့် အရေးယူမှု။

**၄၁။ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း**

(က) လိုင်စင်ရရှိသူထံ အကြောင်းကြားစာပေးပို့ခြင်းနှင့် စွဲချက်ကိုချေပရန် ထိုက်သင့်သော အခွင့်အရေးပေးခြင်းတို့ပြုလုပ်ပြီးနောက် လိုင်စင်ရရှိသူကဖောက်ဖျက်မှုတစ်ခုခုကို ကျူးလွန်ခဲ့သည်ဟု ဦးစီးဌာနက ဆုံးဖြတ်ခဲ့လျှင် ဆက်သွယ်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အောက်ပါ အရေးယူမှုတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အရေးယူမှုများကို ဆောင်ရွက်နိုင်သည်-

(၁) လိုင်စင်ရရှိသူအား သတိပေးခြင်း၊

(၂) ဖောက်ဖျက်မှုကို ပြန်လည်ပြင်ဆင်ရန်နှင့် နောင်ဖြစ်လာနိုင်သည့် ဖောက်ဖျက်မှုကို တားဆီးရန်တို့အတွက် လိုင်စင်ရရှိသူသို့ ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊

(၃) လိုင်စင်ရရှိသူကို ၎င်း၏သက်ဆိုင်ရာဝင်ငွေ၏ ၅ ရာခိုင်နှုန်းအထိ ဒဏ်ငွေပေးဆောင်ရန် သတ်မှတ်ခြင်း၊

(၄) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ခ) လိုင်စင်ရရှိသူအပေါ် ချမှတ်သည့် အရေးယူမှုတစ်ရပ်ရပ် သို့မဟုတ် ပြစ်ဒဏ်တစ်ရပ်ရပ်သည် ကျူးလွန်ခဲ့သည့် ဖောက်ဖျက်မှုနှင့် ကျိုးကြောင်းဆီလျော်၍ အချိုးညီမျှရမည်။

**၄၂။ အယူခံပိုင်ခွင့်**

ဤနည်းဥပဒေများအရ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနကချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် လိုင်စင်ရရှိသူသည် -

(က) ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ချက်အား ပြန်လည် စဉ်းစားပေးရန် တောင်းဆိုနိုင်သည်။

(ခ) အောက်ပါတို့နှင့် ပတ်သက်၍ ချမှတ်သည့်ဆုံးဖြတ်ချက်များအတွက် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည် -

(၁) ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ အရ အရေးယူမှု၊

(၂) ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၂ အရ ဆက်သွယ်ရေးဆိုင်ရာနည်းပညာနှင့် သက်ဆိုင်သော အငြင်းပွားမှု။

(ဂ) ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၂ နှင့် မြန်မာနိုင်ငံတော်တရားမကျင့်ထုံးဆိုင်ရာ ဥပဒေအခန်း ၁ တို့အရ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့် သက်ဆိုင်ခြင်းမရှိသည့် အငြင်းပွားမှုတို့အတွက် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားရုံးသို့ အယူခံနိုင်သည်။

(ဃ) အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့် ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်အား မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၄၅ ရက်အတွင်း အယူခံခုံရုံးသို့ အယူခံနိုင်သည်။

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြားသောဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

## အခန်း (၈)
## အသွင်ကူးပြောင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်

**၄၃။ တည်ဆဲလိုင်စင်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် အသွင်ကူးပြောင်းခြင်းဆိုင်ရာမူဘောင်**

(က) ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းသည့် နေ့ရက်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသည့် သို့မဟုတ် လိုင်စင်ခွင့်ပြုပေးရန် ရွေးချယ်ခံထားရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တည်ဆဲလိုင်စင်ရရှိသူအဖြစ် သတ်မှတ်သည်။

(ခ) ဦးစီးဌာနလက်အောက်ရှိ အရင်းအမြစ်ဌာနမှ စီမံခန့်ခွဲသည့် တည်ဆဲလိုင်စင်များအတွက် အသွင်ကူးပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများတွင် ထည့်သွင်းဖော်ပြထားသည်။

(ဂ) တည်ဆဲလိုင်စင်ရရှိထားသူများသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် နှစ်စဉ်ကြေး၊ လိုင်စင် သက်တမ်းတိုးမြှင့်ခနှင့် အခြားသော အခကြေးငွေများကို ပေးဆောင်ရမည်။ သို့သော် လျှောက်လွှာကြေးများနှင့် ကနဦးလိုင်စင်ခများကို ပေးဆောင်ရန်မလို။

(ဃ) တည်ဆဲလိုင်စင်ရရှိထားသူတစ်ဦးသည် ဦးစီးဌာနမှ သက်ဆိုင်ရာ လိုင်စင်အမျိုးအစားများကို လျှောက်ထားရန် ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤနည်းဥပဒေများအရ သက်ဆိုင်ရာ လိုင်စင်ကို လျှောက်ထားရမည်။ အဆိုပါ သတ်မှတ်ကာလအတွင်း လျှောက်ထား နိုင်ခြင်းမရှိခဲ့ပါက လျှောက်လွှာကြေးကိုဖြစ်စေ၊ ကနဦးလိုင်စင်ခကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ပေးဆောင်ရမည်။

(င) ဤနည်းဥပဒေများ စတင်အကျိုးသက်ရောက်ခြင်းမရှိမီက လုပ်ငန်းစတင်ခဲ့ပြီးဖြစ်သည့် ပုဂ္ဂိုလ် တစ်ဦးဦးသည် ယင်းလုပ်ငန်းများဆောင်ရွက်ရန် ယခင်ဥပဒေများအရ လိုင်စင်ရယူရန် မလိုအပ်ခဲ့သော်လည်း ဆက်သွယ်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ လိုင်စင်ရယူရန် လိုအပ်လာပါက အဆိုပါလုပ်ငန်းကို တရားဝင်ဆက်လက်ဆောင်ရွက်ရန်အတွက် ဦးစီးဌာနက လိုင်စင်လျှောက်ထားရန် ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၁၈၀ အတွင်း သက်ဆိုင်ရာ လိုင်စင်ကို လျှောက်ထားရမည် -

(၁) ယင်းပုဂ္ဂိုလ်သည် လိုင်စင်လျှောက်ထားသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လုပ်ငန်း များကို ဆက်လက်ဆောင်ရွက်နိုင်သည်။ ဦးစီးဌာနသည် လျှောက်ထားချက်ကို ခွင့်ပြုသည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အဆိုပါ ရက်ပေါင်း ၉၀ အတွင်းချမှတ်ရမည်။

(၂) လိုင်စင်ရရှိပြီးနောက် လိုင်စင်တွင်ခွင့်ပြုထားသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်သော်လည်း လိုင်စင်တွင်ခွင့်ပြုထားခြင်းမရှိသည့် လုပ်ငန်းများကို ရပ်ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကိုငြင်းပယ်ခြင်းခံရခဲ့လျှင် ယင်းပုဂ္ဂိုလ်သည် လုပ်ငန်းဆောင်ရွက်မှုများကို ရက်ပေါင်း ၃၀ အတွင်း ရပ်ဆိုင်းရမည်ဖြစ်ပြီး ငြင်းပယ်သည့်ဆုံးဖြတ်ချက်ကို နည်းဥပဒေ ၄၂ နှင့်အညီ အယူခံနိုင်သည်။

(စ) အများပြည်သူသုံး အင်တာနက်ဆိုင်ရာ ဝန်ဆောင်မှု (Public Access Center-PAC) လိုင်စင်သည် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တွင် အကျုံးဝင်သည်။

(ဆ) Wide Area Network အသုံးပြုကွန်ပျူတာကွန်ရက်ထူထောင်ခြင်း/ယင်းကွန်ရက်ထူထောင်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (WAN လိုင်စင်) သည် အောက်ပါလိုင်စင်အမျိုးအစားများတွင် အကျုံးဝင်သည် -

(၁) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို တည်ထောင်၍ အမှန်တကယ်သုံးစွဲသူများ သို့မဟုတ် လိုင်စင်ရရှိသော အခြားသူများထံသို့ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးရန်ဖြစ်ပါက ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-အထူး (Individual)၊

(၂) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို တည်ထောင်၍ မိမိ၏အဖွဲ့အစည်းအတွင်း ဆက်သွယ်မှုအတွက်ကိုသာအသုံးပြုမည်ဆိုပါက ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်-သာမန် (Class)၊

(၃) လိုင်စင်ရရှိသော အခြားသူများထံမှ ဆက်သွယ်မှုပမာဏ (capacity) ကို ငှားရမ်း၍ အမှန်တကယ်သုံးစွဲသူများ သို့မဟုတ် လိုင်စင်ရရှိသောအခြားသူများသို့ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးရန်ဖြစ်ပါက အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်။

**၄၄။ အသွင်ကူးပြောင်းခြင်းဆိုင်ရာအချိန်ကာလသတ်မှတ်ချက်**

နည်းဥပဒေ ၄၃ တွင်ဖော်ပြထားသည့် သက်တမ်းမကုန်ဆုံးသေးသောလိုင်စင်ကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၅ နှင့်အညီ ဆက်သွယ်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ ထုတ်ပေးသည့်လိုင်စင်ဟု မှတ်ယူရမည်။ တည်ဆဲလိုင်စင်ရရှိသူအားလုံးသည် ဤနည်းဥပဒေများတွင်ဖော်ပြထားသော လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်သို့ ဦးစီးဌာနမှ လိုင်စင်အသွင်ကူးပြောင်းရန် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၁၂ လအတွင်း အသွင်ကူးပြောင်းရမည်။

**၄၅။ အမိန့်ကြော်ငြာစာများ**

တည်ဆဲလိုင်စင်တစ်ခုသည် ဆက်သွယ်ရေးဥပဒေအပြင် အခြားဥပဒေတစ်ရပ်ရပ်အရ အကျုံးဝင်နေခဲ့လျှင် ဤနည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့် တစ်ပြေးညီဖြစ်စေမည့် အသွင်ကူးပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ယခင်အမိန့်ကြော်ငြာစာများကို ရုပ်သိမ်းသည့်ပြဋ္ဌာန်းချက်များ ပါဝင်သည့် အမိန့်ကြော်ငြာစာကို ဤနည်းဥပဒေများ စတင်အကျိုးသက်ရောက်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

မြတ်ဟိန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။

**ဇယား (၁) လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**[နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ)]**

| | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်-အထူး (Individual) | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်-သာမန် (Class) | ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် | အသုံးချဝန်ဆောင်မှုလုပ်ငန်း လိုင်စင် |
|---|---|---|---|---|
| လျှောက်လွှာကြေး* | ၁၀,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၅,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် |
| ကနဦးလိုင်စင်ခ* | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| နှစ်စဉ်ကြေး | သက်ဆိုင်သောဝင်ငွေ၏ ၂ % | သက်ဆိုင်သောဝင်ငွေ၏ ၀.၅% | သက်ဆိုင်သောဝင်ငွေ၏ ၁% | သက်ဆိုင်သောဝင်ငွေ၏ ၀.၅% |
| ဝန်ဆောင်မှုလုပ်ငန်းအသစ်များ ဖြည့်စွက်ဆောင်ရွက်ခြင်းအတွက် အခကြေးငွေ | ၅,၀၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် |
| လိုင်စင်သက်တမ်းတိုးမြှင့်ခ | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

* ဤနည်းဥပဒေများမထုတ်ပြန်မီက ဦးစီးဌာနမှထုတ်ပေးထားသော လိုင်စင်ရရှိထားသူများသည် နည်းဥပဒေ ၄၄ အရ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်သို့ လိုင်စင်အသွင်ကူးပြောင်းရာတွင် လျှောက်လွှာကြေးနှင့် ကနဦးလိုင်စင်ခများကင်းလွတ်ခွင့်ရှိသည်။

**ဇယား (၁) လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်အတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**[နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ)]**

| | ဆက်သွယ်ရေးပစ္စည်း |
|---|---|
| လျှောက်လွှာကြေး | ၅,၀၀၀ ကျပ် |
| ကနဦးလိုင်စင်ခ | မရှိပါ။ |
| နှစ်စဉ်ကြေး* | မရှိပါ။ |
| လိုင်စင်သက်တမ်းတိုးမြှင့်ခ | မရှိပါ။ |

* နှစ်စဉ်ကြေးပေးသွင်းရန်မလိုပါ။ သို့သော် နည်းဥပဒေ ၃၃ (ဆ) နှင့်အညီ ဦးစီးဌာနသို့ ကြိုတင် တင်ပြရမည်။

**ဇယား (၂)**

**ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရယူရန်လိုအပ်သော ဆက်သွယ်ရေးပစ္စည်းစာရင်း**

**[နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (က)]**

ဆက်သွယ်ရေးဥပဒေ အခန်း ၄ နှင့် နည်းဥပဒေ ၃၃ တို့အရ အောက်ဖော်ပြပါဆက်သွယ်ရေးပစ္စည်းများကို လက်ဝယ်ထားရှိရန်နှင့် အသုံးပြုရန်အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူရန်လိုအပ်သည် -

| စဉ် | ဆက်သွယ်ရေးပစ္စည်းအမျိုးအမည် |
|---|---|
| ၁ | ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-ဂြိုဟ်တုဖုန်းများ) |
| ၂ | ရေဒါဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ |
| ၃ | ရေဒီယိုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ - MF, HF, VHF, UHF လှိုင်းနှုန်းသုံး ဆက်သွယ်ရေးပစ္စည်းများ) |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် ( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

ပြည်သူ့လွှတ်တော်ရုံး၊ သုတေသန၊ နည်းပညာနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးဇော်ဟိန်းအား ပြည်ထောင်စုလွှတ်တော်ရုံးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် )

အမျိုးသားလွှတ်တော်ရုံးမှ အောက်ဖော်ပြပါဦးစီးအရာရှိ (၁၀) ဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (၁) | ဦးဝင်းထူး | ဥပဒေပြုဌာနကြီး |
| (၂) | ဒေါ်မေမေမြင့် | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |

| စဉ် | အမည် | ဌာန |
|---|---|---|
| (၃) | ဒေါ်လှထွေး | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| (၄) | ဒေါ်ဝါဝါထွန်း | ဥပဒေပြုဌာနကြီး |
| (၅) | ဒေါ်အေးအေးမာဝင်း | ဥက္ကဋ္ဌရုံး |
| (၆) | ဦးတင်ဦးကျော် | ဥပဒေပြုဌာနကြီး |
| (၇) | ဒေါ်အေးအေးငြိမ်းငြိမ်း | ဥက္ကဋ္ဌရုံး |
| (၈) | ဒေါ်သန့်ဇင်ဝင်း | ဥက္ကဋ္ဌရုံး |
| (၉) | ဒေါ်ဝတ်ရည်တိုး | ဥပဒေပြုဌာနကြီး |
| (၁၀) | ဒေါ်နွယ်နီကြိုင် | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အပ္ပပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

အမှတ် ၂၄၈ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၉/၂၀၁၄) ကြိမ်မြောက် အစည်း အဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါစာအမှတ်၊ ၁/၁၉၀ (က) (၄)/(၁၂၆၀/၂၀၁၄) တို့အရ အပ္ပပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၂၀,၀၀၀-၂,၀၀၀-၂၃၀,၀၀၀) ရာထူးနေရာသို့ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းဇော် (ခ) ဦးဇော်ဝင်းအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

ငွေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပ္ပပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### မြန်မာကုမ္ပဏီများအက်ဥပဒေအရ
### မြို့ပြနှင့် သဘာဝဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
### (City & Nature Construction Company Limited)

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၁-၂၀၁၅) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးထွဏ်းဆင့်
မန်နေးဂျင်းဒါရိုက်တာ
မြို့ပြနှင့် သဘာဝဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု (ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း-(ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

## မြန်မာကုမ္ပဏီများအက်ဥပဒေအရ
## မြို့ပြနှင့် သဘာဝ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (City & Nature Trading Company Limited)

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၁-၂၀၁၅) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးထွဏ်းဆင့်
မန်နေးဂျင်းဒါရိုက်တာ
မြို့ပြနှင့် သဘာဝ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု (ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း-(ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၂၂၇

## "မကွေးကုမ္ပဏီလီမိတက်"
## ''Magway Company Limited''

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **"မကွေးကုမ္ပဏီလီမိတက်"** အား (၂၃. ၁၂. ၂၀၁၄) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.com Q, C.P.A) အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၅. ၁. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

နေဝင်းအောင်
မန်နေးဂျင်းဒါရိုက်တာ
မကွေးကုမ္ပဏီလီမိတက်
၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

(ခင်စောယု)
B.com Q, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာကုမ္ပဏီများအက်ဥပဒေအရ**
**ဧရာဝတီ သစ်ခွ ကုမ္ပဏီလီမိတက်**
**(Irrawaddy Orchid Company Limited)**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ တောင်းခံရန်သတိပေးခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၃-၁-၂၀၁၅) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်နှင်းအိအိလှိုင်
မန်နေးဂျင်းဒါရိုက်တာ
ဧရာဝတီ သစ်ခွ ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု (ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း-(ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**"ရွှေမိုင်းကိုင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်"**
**"SHWE MINE KAING MINING CO.,LTD"**

ဖျက်သိမ်းရန် ကြေညာချက်

၁။ **"ရွှေမိုင်းကိုင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်" "SHWE MINE KAING MINING CO.,LTD"** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၁၅၈/၂)၊ ယုဇနမာလာလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းဆင့် (၇၁၂) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်သန်းသန်းဆင့် (၇၁၂) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန်ကြေညာအပ်ပါသည်။

ဦးရွှေထွန်း
မန်နေးဂျင်းဒါရိုက်တာ
SHWE MINE KAING MINING CO.,LTD

ဒေါ်သန်းသန်းဆင့် (၇၁၂)
B.com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## **"ထိပ်တန်းမြန်မာသစ္စာ ကုမ္ပဏီလီမိတက်"**

## **''HTEIK TAN MYANMAR THITSA COMPANY LIMITED''**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (င) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ထိပ်တန်းမြန်မာသစ္စာ ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၅. ၁၂. ၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်စန္ဒာအေး (B.com, C.P.A) အမှတ် (၂၃)၊ အခန်း (၁၀၂)၊ အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၆. ၁. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ချစ်မင်းစံ
မန်နေးဂျင်းဒါရိုက်တာ
ထိပ်တန်းမြန်မာသစ္စာကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်စန္ဒာအေး
(B.com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း- ၀၉-၃၁၅၄၉၇၉၃

## **"ရွှေမဟာ အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ကုမ္ပဏီလီမိတက်"**

## **''Shwe Mahar International Gems Company Limited''**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (ဂ) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ရွှေမဟာ အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၀. ၁၂. ၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.com, C.P.A) အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၀. ၁. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသီဟအောင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေမဟာအပြည်ပြည်ဆိုင်ရာကျောက်မျက်ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

**"ရွှေမဟာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်"**

**''Shwe Mahar Mining Company Limited''**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"ရွှေမဟာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၁. ၁၂. ၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.com, C.P.A) အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၁. ၁. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသီဟအောင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေမဟာ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

**MYANMAR DMC TRAVEL & TOURS CO.,LTD**

(အစုရှင်များဆန္ဒအရဖျက်သိမ်းဆဲကုမ္ပဏီ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င)

MYANMAR DMC TRAVEL & TOURS CO.,LTD ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၂-၁-၂၀၁၅
အချိန် - နံနက် ၉း၃၀ နာရီ
နေရာ - ကုမ္ပဏီရုံးခန်းတည်နေရာ
တိုက်- (၄၂/ဘီ)၊ အခန်းအမှတ် (၉/၁၀)၊ ဒုတိယထပ်၊ ပန်ထျာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.com, C.P.A, F.B.S.A
လက်မှတ်ရပြည်သူ့စာရင်းကိုင်
(စာရင်းစစ်)

# WIN GARMENT MANUFACTURING CO.,LTD

(ဝင်းအထည်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်) ၏
မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **WIN GARMENT MANUFACTURING CO.,LTD (ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်)** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃. ၁၂. ၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ဦးမျိုးအောင် (တရားလွှတ်တော်ရှေ့နေ) နှင့် ဒေါ်သဥ္ဇာဝင်း (အထက်တန်းရှေ့နေ) တို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၆. ၁. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းရေးအရာရှိများထံသို့ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇော်ဝင်း
အုပ်ချုပ်မှုဒါရိုက်တာ
(ဝင်းအထည်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်)
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးမျိုးအောင်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၂၆-၁၂-၂၀၁၄။